


MYANMAR
# ICT
JOURNAL




အိုင်စီတီ ဂျာနယ် | Volume 1, No. 9
WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNOLOGY.
THE WEEK OF MAR 26 - APR 1, 2012



## Programming တတ်ထားရန် မလိုပဲ Website ရေးနိုင်မည့် RapidWeaver App

PAGE - 17

## Metal Guitarist ညီညီထွေးနှင့် ICT

PAGE - 28

## 4WD နှင့် FULL TIME 4WD ကွဲပြား

PAGE - 18

## စိတ်ကျရောဂါနှင့် လုပ်ငန်းရေးရာ

PAGE - 27

## အလုပ်သမားနေ့ အထိမ်းအမှတ် Web Design ပြိုင်ပွဲ ကျင်းပမည်

PAGE - 3

## DIABLO

PAGE - 24





## တပ်ဆင်မှု များလာသည့် Audio ပစ္စည်းများ

PAGE - 19

PCDIY

## သင့်စိတ်ကြိုက် PC တစ်လုံး ဆင်ကြည့်ဖို့ Specification Table

PAGE - 15

## Software သွင်းပေးတဲ့အခါ CD တွေ မသုံးတော့ဘူးဆိုတဲ့ လုပ်ငန်းခွင်...

PAGE - 26



## အသုံးများလာတဲ့ AUX AIRCON

### AUX ASW-18A4/EP Air-con

By MTZT



ဒီ Air-con လေးကတော့ Split Type ပုံစံရှိ AUX အမျိုးအစား Air-con လေး ဖြစ်ပါတယ်။ Toshiba Compressor ဖြစ်ပြီး မြင်းကောင်ရေအား 2HP ကို အသုံးပြုပေးထားပါတယ်။ ဒီဇိုင်းက ရိုးရှင်းပြီး နေရာစား သက်သာပါတယ်။ အခန်းတွင်း အပူချိန်ကို လိုအပ်သလို ထိန်းညှိပေးနိုင်ပြီး 12x12 Feet ရှိသော အခန်းတွင်း အအေးဓာတ်ကို မျှတစွာ ဖြန့်ဝေပေးနိုင်ပါတယ်။

Japanese Compressor ကို အသုံးပြုပေးထားတဲ့အတွက် လျှပ်စစ်စွမ်းအားအသုံးပြုမှုကို ၄၀% အထိ လျှော့ချပေးနိုင်ပါတယ်။ ဒီ Air-con ရဲ့ Noise Level က 41/53A ရှိတဲ့အတွက် အသုံးပြုစဉ် စက်မှဆူညံမှုများ လျော့နည်းပါတယ်။ ဈေးနှုန်းအနေနဲ့ကတော့ ၂၁၅,၀၀၀ ကျပ် ဝန်းကျင်ရှိပြီး AUX ၏ မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်သော United Asia Co., Ltd. ဖုန်း ၀၁-၂၁၈၀၂၁ သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရပါတယ်။

## ဈေးကွက်ထဲမှာ အဝယ်များလာတဲ့ Fax ဖုန်းများ

By MTZT

### Panasonic KX-FT987CX Thermal Fax



ပြည်တွင်း ဈေးကွက်ထဲကို အသစ်ဝင်ရောက်လာတဲ့ Panasonic အမျိုးအစား Fax ထုတ်လို့ရတဲ့ စက်လေးဖြစ်ပါတယ်။ ဒီစက်လေးမှာ Automatic Paper Cutter ပါဝင်တဲ့အတွက် စက်မှ ထွက်လာတဲ့ စာရွက်များကို အလိုအလျောက် ဖြတ်တောက်ပေးမှာ ဖြစ်ပါတယ်။ စာမျက်နှာ ၂၈ မျက်နှာ တိုက်ရိုက် ထုတ်ယူနိုင်မှာဖြစ်ပြီး Caller ID Ready လည်း ပါဝင်ပါတယ်။ Navigator Key ပါဝင်တဲ့အတွက် စက်အသုံးပြုတဲ့နေရာမှာ အဆင်ပြေချောမွေ့စေပါတယ်။ Digital Duplex Speaker Phone ပါဝင်ပြီး Digital ဖြင့် အလိုအလျောက် ဖြေကြားပေးသော Fully Digital Answering System လည်း ပါဝင်ပါတယ်။ အလေးချိန်ကတော့ ၁ ဂရမ်ပဲ လေးပါတယ်။ ဈေးနှုန်းကတော့ ကျပ် ၁၂၅,၀၀၀ ရှိပြီး ပြည်တွင်းရှိ Electronic အရောင်းဆိုင်ကြီးများတွင် ဝယ်ယူနိုင်ပါသည်။

### Panasonic KX-FP711CX Fax



ဒီ Fax Machine လေးကတော့ 2 Line LED Screen ဖြင့် အမည်နှင့် ကိန်းဂဏန်းများကို ဖော်ပြပေးမှာ ဖြစ်ပါတယ်။ အများဆုံး စာမျက်နှာ (၂၅)မျက်နှာအထိ Fax ပို့နိုင်မှာဖြစ်ပြီး (၂၈)မျက်နှာအထိ လက်ခံထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အမည်နှင့် ကိန်းဂဏန်းများကို မှတ်သားနိုင်ရန်အတွက် Phonebook ပါဝင်ပြီး ထိုအမည်နှင့် ကိန်းဂဏန်းများကို အလျှင်အမြန် ခေါ်ဆိုနိုင်ရန်အတွက် Quick Call Button လည်း ပါဝင်ပါတယ်။ Error Correction Mode ပါဝင်ပြီး A4 Paper အသုံးပြုနိုင်သော Panasonic Fax စက်လေးပဲ ဖြစ်ပါတယ်။ ဈေးနှုန်း ကျပ် ၁၁၈,၀၀၀ ဝန်းကျင်ရှိပြီး Ko Beno ဖုန်း ၀၁-၂၅၆၄၁၇ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရပါတယ်။

### Logitech G35 Headphone



G 35 Headphone ဟာ နာမည်ကျော် အမှတ်တံဆိပ်တစ်ခုဖြစ်သော Logitech မှ ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်။ Headphone မှာ 7.1 Surround Sound ဖြစ်ခြင်းအတွက် ကြည်လင် ပြတ်သားကာ ကျယ်လောင်သော အသံကို အလိုရှိသူများအဖို့တော့ အကြိုက်ဖြစ်စေမှာပါ။ထို့ပြင် noise canceling microphone ဖြစ်သည့်အတွက် ပြင်ပမှ ဆူညံသံများကို ဖယ်ရှားပေးနိုင်မှာပါ။ Volume control၊ mic mute တို့ကိုလည်း အဆိုပါ headphone အတွင်း တစ်ခါတည်း ချိန်ညှိနိုင်သည့်အတွက် ကွန်ပျူတာဂိမ်းကစားသူများအဖို့တော့ အဆင်ပြေစေမှာ ဖြစ်ပါတယ်။ G 35 Headphone ကို မည်သည့် Desktop၊ Laptop၊ MacBook နှင့်မဆို တွဲဖက်အသုံးပြု နိုင်ပြီး ဈေးနှုန်းမှာတော့ ကျပ် ၁၅၀,၀၀၀ ဖြစ်ပါတယ်။ စိတ်ဝင်စား၍ ဝယ်ယူလိုပါက ကိုဘီနီး (Sony Game)၊ အမှတ် (၂၅၉)၊ ဘားလမ်း (အထက်ဘလောက်)၊ ဖုန်း- ၂၅၆၄၁၇ တွင် ဝယ်ယူနိုင်သည်။

### SD Card စိုက်ကာ နားဆင်နိုင်မည့် Headphone



EJ-188 အမှတ်တံဆိပ် Headphone အမျိုးအစားဟာ SD card စိုက်ကာ နားဆင်နိုင်မှာ ဖြစ်ပါတယ်။ SD card ထဲသို့ သီချင်းများသွင်းကာ နားဆင်နိုင်သကဲ့သို့ FM လိုင်းများအားလုံးကိုလည်း ဖမ်းယူနားဆင်နိုင်မှာ ဖြစ်ပါတယ်။ ထို့ပြင် Headphone အတွင်း LCD ပါဝင်သည့် အတွက် သီချင်းများ၊ FM လိုင်းများကို ရွေးချယ်နားဆင်နိုင်မှာ ဖြစ်ပါတယ်။ ဘက်ထ္တရီ အနေနဲ့ကလည်း Rechargeable Lithium Battery ဖြစ်သည့်အတွက် အလွယ်တကူ ပြန်လည် အားသွင်းကာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ဈေးနှုန်းအနေနဲ့ ကျပ် ၁၈,၀၀၀ ဖြစ်ပြီး စိတ်ဝင်စား၍ ဝယ်ယူချင်ပါက ကိုဘီနီး (Sony Game)၊ အမှတ် (၂၅၉)၊ ဘားလမ်း (အထက်ဘလောက်)၊ ဖုန်း - ၂၅၆၄၁၇ သို့ ဆက်သွယ်နိုင်သည်။

### Classis Music တွေအတွက် သီးသန့် ထုတ်လုပ်ထား Soul Headphone



Soul အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသော Ludacric SL 300 ဟာ noise အသံတွေကို ထိရောက်စွာဖယ်ရှားပေးနိုင်ပြီး သီချင်း နားထောင်စဉ် နား၏ ထိခိုက်မှုကို ကာကွယ်ပေးနိုင်တဲ့ earcup ပါဝင်သောကြောင့် နား၏ မျက်နှာပြင် ကို ထိခိုက်နိုင်မှာ မဟုတ်ပါဘူး။ Classis သီချင်းတွေနားဆင် ဖို့အဓိကထုတ်လုပ် ထားသော Headphone ဖြစ်ပါတယ်။ Sl 300 Headphone ကို မည်သည့် Desktop၊ Laptop၊ Mac- Book၊ iPhone၊ iPad၊ iPod နှင့်မဆို တွဲဖက်အသုံးပြုနိုင်ပါတယ်။ ဘက်ထ္တရီအနေနဲ့ကလည်း Rechargeable Lithium Battery ဖြစ်သည့်အတွက် အလွယ်တကူ ပြန်လည်အားသွင်းကာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဈေးနှုန်းအနေနဲ့ ကျပ် ၃၃၀,၀၀၀ ဖြစ်ပြီး စိတ်ဝင်စား၍ ဝယ်ယူချင်ပါက ဖုန်း - ၀၉ ၇၃၀ ၂၄၃ ၂၇ Technoland သို့ ဆက်သွယ်နိုင်သည်။

### AV Component for Apple Product



Apple Product တွေဖြစ်တဲ့ iPad, iPhone, iPod အားလုံးကို TV နှင့် ချိတ်ဆက်ကာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ iPad, iPod နှင့် iPod touch များမှ Movie File, Mp3 File တွေကို TV တွင် ချိတ်ဆက်ကာ ကြည့်ရှုခံစား နိုင်ပါတယ်။ AV Component တွင် USB Cable လည်း တွဲလျှက်ပါဝင်တာကြောင့် TV နှင့်ချိတ်ဆက် အသုံးပြုနေစဉ် အားလည်းသွင်းနိုင်မှာ ဖြစ်ပါတယ်။ AV Component ဟာ 1.8 m အရှည် ရှိပါတယ်။ ဈေးနှုန်းကတော့ ကျပ် ၄၅,၀၀၀ ရှိပြီး ပြည်တွင်းရှိ Electronic အရောင်းဆိုင်ကြီးများတွင် ဝယ်ယူနိုင်ပါသည်။

### Apple iPhone 4 နှင့် 4s တို့နှင့် တွဲဖက်အသုံးပြုနိုင်သည့် Bluetooth Player



iPhone 4 နှင့် 4S တို့မှာပါဝင်တဲ့ Bluetooth နှင့်ချိတ်ဆက် အသုံးပြုနိုင်တဲ့ Bluetooth Player ဖြစ်ပါတယ်။ Desgin ကတော့ iPod Shuffle ပုံစံမျိုးဖြစ်ပြီး ဖုန်းအဝင်အထွက်လည်း ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ MP3 format ဖြင့် iPhone မှ သီချင်းတွေကိုလည်း နားထောင်နိုင်ပြီး MP3 နားထောင်နေစဉ် ဖုန်းဝင်လာပါက MP3 ဟာ ရပ်တန့်သွားပြီး ဖုန်းပြောနိုင်မှာ ဖြစ်ပြီး MP3 ဟာဖုန်းချလိုက်တာနှင့် သီချင်းပြန်လည် နားထောင်နိုင်မှာ ဖြစ်ပါတယ်။ အသုံးပြုရ လွယ်ကူစေရန် အဆိုပါ Shuffle ပုံစံ Bluetooth Player တွင် Volume အတိုးအချဲ့၊ Pause & Play Button များလည်း ပါဝင်ပါတယ်။ Fashion ဆန်းဆန်းဖြင့် ဖုန်းပြောချင်သူတွေနှင့် Music ကို ခံစားချင်သူတွေအတွက် အဆင်ပြေစေမှာ ဖြစ်ပါတယ်။ ဈေးနှုန်းအနေနဲ့ ကျပ် ၃၈,၀၀၀ ဖြစ်ပြီး စိတ်ဝင်စား၍ ဝယ်ယူချင်ပါက ကိုဘီနီး (Sony Game)၊ အမှတ် (၂၅၉)၊ ဘားလမ်း (အထက်ဘလောက်)၊ ဖုန်း - ၂၅၆၄၁၇ သို့ ဆက်သွယ်နိုင်သည်။

### Dacom Bluetooth Headset



Dacom အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားတဲ့ Bluetooth Headset ဖြစ်ပါတယ်။ ပြင်ပကနေ ဆူညံသံကို ၉၀ ရာခိုင်နှုန်းနှင့်အထက် မဝင်နိုင်အောင် ကာကွယ်ပေးနိုင်ပြီး သာမန် Bluetooth Headset တွေထက် ၂၀၀ ရာခိုင်နှုန်း ပိုကြာအောင် ပြောနိုင်မှာ ဖြစ်ပါတယ်။

Standby Time မှာ နာရီပေါင်း ၁၈၀ နှင့်အထက် အသုံးပြုနိုင်ပြီး စကားပြောမယ်ဆိုရင်တော့ ၅ နာရီနှင့် အထက်ပြောနိုင်မှာ ဖြစ်ပါတယ်။ အသံဖမ်းရာတွင်လည်း 20 meters အကွာအဝေးထိ ဖမ်းယူနိုင်မှာ ဖြစ်တယ်။ အသံကြည်လင် ပြတ်သားပြီး သာမန် Bluetooth တွေထက် Battery ပိုခံတဲ့အတွက် အသုံးပြုသူတွေအတွက် သင့်လျော်တဲ့ Bluetooth ဖြစ်ပါတယ်။ ဈေးနှုန်း ကတော့ ကျပ် ၂၅,၀၀၀ ရှိပြီး ပြည်တွင်းရှိ Electronic အရောင်းဆိုင်ကြီး များတွင် ဝယ်ယူနိုင်ပါသည်။



# တစ်သက်တာမှာ အမှတ်တရဖြစ်စေဖို့ Excellent Photo Studio

By MTZT



### ဒီဆိုင်လေး ဖြစ်ပေါ်လာပုံကို ပြောပြပေးပါလား။

Excellent ကို တက္ကသိုလ်ကျောင်း ပြီးပြီးခြင်း ဖွင့်လှစ်ခဲ့တာပါ။ တက္ကသိုလ်ကျောင်းသား ဘဝကတည်းက "တက္ကသိုလ်မောင်ထွေး" အမည်နဲ့ Pro-Photographer လုပ်ခဲ့တာပါ။

### လက်ခံ ဆောင်ရွက်၊ ရိုက်ကူးပေးတဲ့ ပွဲတွေ၊ ဝန်ဆောင်မှုတွေ အကြောင်း ပြောပြပေးပါ။

Excellent ရဲ့ အဓိက ဝန်ဆောင်မှုတွေကတော့ ဘွဲ့နှင်းသဘင်ပွဲနဲ့ ပတ်သက်ပြီး ဘွဲ့ဝတ်စုံငှားရမ်းခြင်း၊ ဘွဲ့ဓာတ်ပုံကြီးများ ရိုက်ကူးပေးခြင်း၊ ဆံပင် မိတ်ကပ်အလှ ပြုပြင်ခြင်း၊ လက်ဝတ်ရတနာ ငှားရမ်းခြင်း စတာတွေကို အားလုံးဝန်ဆောင်မှုပေးပါတယ်။ မင်္ဂလာပွဲနဲ့ ပတ်သက်ပြီး မြန်မာ/အနောက်တိုင်း မင်္ဂလာဝတ်စုံငှားရမ်းခြင်း၊ သတို့သမီး မိတ်ကပ် အလှ ပြုပြင်ခြင်း၊ လက်ဝတ်ရတနာ ဆင်မြန်းပေးခြင်း၊ ကားအလှဆင်ခြင်း၊ မင်္ဂလာပွဲအကြို အလှဓါတ်ပုံ (Album) များ ရိုက်ကူးပေးခြင်း၊ Indoor/Outdoor မှတ်တမ်းတင် ဗွီဒီယို/ဓါတ်ပုံများရိုက်ကူး ပေးခြင်းများကို အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါတယ်။

### ဓာတ်ပုံ၊ ဗွီဒီယိုများကို မည်သည့် ကင်မရာ အမျိုးအစားများ အသုံးပြုပြီး ရိုက်ကူးပေးပါသလဲ။

ဓါတ်ပုံကင်မရာ အမျိုးအစားများကတော့ Nikon/Canon နှစ်မျိုးလုံးကို သုံးပြီး နောက်ဆုံးပေါ် မော်ဒယ်တွေကို ပြောင်းကိုင်လေ့ရှိပါတယ်။ ဗွီဒီယို ကင်မရာမှာတော့ Sony ကိုပဲ အဓိကထားသုံးပါတယ်။ DV-Cam, HD, Card ကင်မရာ အမျိုးအစားတွေလည်း သုံးပါတယ်။

### မည့်သည့် ကင်မရာ Brand/အမျိုးအစားကို အကြိုက်ဆုံးဆိုတာ ပြောပြပေးပါ။

အကောင်းဆုံးကတော့ ဓါတ်ပုံကင်မရာဆို Nikon D-700၊ ဗွီဒီယိုကင်မရာမှာ Sony-57 ကို ပိုကြိုက်ပါတယ်။



### ရုပ်ထွက်ကောင်းပြီး၊ အသုံးပြုရ အဆင်ပြေတဲ့ Camera အမျိုးအစားလေးတစ်လုံးလောက် ညွှန်းပေးပါ။

အကြိုက်ဆုံးကင်မရာက Canon-5D Mark II ပါ။

### မည်သည့် Camera Lens များကို ရွေးချယ် အသုံးပြုတတ်ပါသလဲ။

Camera Lens တွေက Wide Zoom ဖြစ်တဲ့ 18 to 135 တစ်လုံး၊ Tele Lence ဖြစ်တဲ့ 70 to 300 တစ်လုံး၊ Fisheye တစ်လုံး အမြဲရှိနေဖို့ လိုပါတယ်။



### ဓါတ်ပုံ၊ ဗွီဒီယိုများ ရိုက်ကူးတဲ့အခါ မည်သည့် Accessories များအသုံးပြုတတ်ပါသလဲ။

Camera Accessories တွေကတော့ အများကြီးပဲ။ မရှိမဖြစ် သုံးရမှာကတော့ TriPod, Reflector, Radio Slave, Speed Light, Loone Stand, Bag, Heater Box, Hood စတဲ့ ပစ္စည်းတွေပေါ့။

### Camera ဝယ်မယ်ဆိုရင် မည်သည့်အချက်များကို အဓိကထားကြည့်ပြီး ဝယ်ယူလေ့ရှိပါသလဲ။

Camera ဝယ်မယ်ဆိုရင် Model အလိုက် made-in ကြည့်ရပါမယ်။ (Japan, Thailand, China) စသည်ဖြင့်ပေါ့။ ပစ္စည်းကို Second နဲ့ New ခွဲခြားတတ်ဖို့ လိုတယ်။



### ဓာတ်ပုံထုတ်တဲ့အခါ မည်သည့် နည်းပညာပစ္စည်းများ အသုံးပြုပါသလဲ။

ဓါတ်ပုံထုတ်တဲ့ QSS ဂျပန်စက်ကြီးတွေကို သုံးပါတယ်။

### မည်သည့် Photo Paper အမျိုးအစားကို အသုံးပြုပါသလဲ။ သူရဲ့အားသာချက်လေးကို ပြောပြပေးပါ။

Photo Paper ကတော့ Kodark, Fuji နှစ်မျိုးလုံး ကြိုက်ပါတယ်။

### ဓာတ်ပုံ၊ ဗွီဒီယိုကောင်း တစ်ခုဖြစ်လာဖို့အတွက် အရေးကြီးတဲ့အရာက။

ဓာတ်ပုံ၊ ဗွီဒီယိုကောင်း တစ်ခုဖြစ်လာဖို့အတွက် (၁)အရေးကြီးဆုံးက ပညာရပ်ပိုင်း၊ (၂)နည်းစနစ်ပိုင်း၊ (၃)ခေတ်ပေါ်ပစ္စည်းကိရိယာစတဲ့ လိုအပ်ချက်သုံးမျိုး ပြည့်စုံရင် အကောင်းဆုံးပါပဲ။



### Indoor/Outdoor ရိုက်ကူးရေးမှာ ဘယ်လိုကွာခြားချက်လေးတွေ ရှိပါသလဲ။

Indoor မှာသုံးတဲ့ Instrument နဲ့ Outdoor မှာသုံးတဲ့ Instrument တွေက တော်တော်ကွဲပြားတယ်။ Indoor မှာတော့ Soft Box, Background Color, Flash တွေသုံးပြီး Outdoor မှာတော့ Reflector, Sand, Radio Slave, Soft Box တွေသုံးပါတယ်။

### အခုလို Photo Studio တစ်ခုဖွင့်ဖို့ လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ဘယ်လိုစတင်ပြင်ဆင်ရမလဲဆိုတာ ညွှန်ပြပေးပါ။

Photo Studio တစ်ခု ဖွင့်မယ်ဆိုရင်တော့ ပထမဆုံး Photography ကို ကျွမ်းကျင်အောင် သင်ယူရပါမယ်။ ဓါတ်ပုံပညာ မပြည့်စုံပဲ ရမ်းစမ်းလုပ်မယ်ဆိုရင်တော့ ရပ်တည်လို့ ရချင်ရမယ်၊ အောင်မြင်မှု ရရှိဖို့တော့ မလွယ်ပါဘူး။ ပညာရပ်ပိုင်းပြည့်စုံမယ်၊ ပစ္စည်းကောင်းသုံးမယ်၊ ဝန်ဆောင်မှု ကောင်းမယ်ဆိုရင် လုပ်ငန်း စလို့ရပြီ။



### Excellent ရဲ့လိပ်စာလေးပြောပေးပါ။

အမှတ်(၅၆)၊ အင်းစိန်လမ်းမ၊ လှည်းတန်း၊ စံရိတ်ငြိမ်မှတ်တိုင်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၅၁၂-၁၄၆၇၊ ၀၁-၅၂၆-၂၄၀

### အခုလို စိတ်ဝင်တစားဖြေဆိုပေးတဲ့ အတွက် အိုင်စီတီဝိုင်းတော်သားများက အထူးကျေးဇူးတင်ရှိပါတယ်။

# ဈေးကွက်ထဲရှိရောင်းအားကောင်းနေသော Laptop များ

By APA

## Acer Aspire 473



Aspire 4739 သည် intel Core i3 (2.53 GHz) ပါဝင်ပြီး 2 GB DDR3 Memory ပါရှိတာကြောင့် စက်၏ စွမ်းစောင်ရည်ကို ကောင်းမွန်စေပါတယ်။ ၎င်း၏ Display က 14.0" အကျယ်ရှိတဲ့ LED Screen ပါရှိပြီး Intel GMA HD Graphic Card ပါဝင်တာကြောင့် Resolution ကောင်းကောင်းဖြင့် Game များ ရုပ်ရှင်များ ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

DVD Writer တွင် Super Multi Drive ပါဝင်ပါတယ်။ အခြားပါဝင်တဲ့ Accessories တွေကတော့ Webcam, WiFi, Gblan, Gvlan, Bluetooth, HDMI တို့ ပါဝင်ပါတယ်။ Battery ကတော့ 6 Cell ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ USD 419 ဝန်းကျင်ခန့်ရှိပြီး ဖုန်း-၀၁-၂၂၁-၆၈၃ ရွှေလမင်းနဂါး ကုမ္ပဏီတွင် ဝယ်ယူနိုင်ပါသည်

## Lenovo Y570



Lenovo Y570 ဟာ intel Core i7 Processor အသုံးပြုထားပြီး HDD 730 GB SATA ပါဝင်တာကြောင့် စိတ်ကြိုက် DATA သိမ်းဆည်းနိုင်ပါတယ်။ Memory ကတော့ 8GB DDR3 ပါဝင်ပါတယ်။ Graphic Card ကိုတော့ Nvidia GeForce 555m 2GB အသုံးပြုထားတာကြောင့် Resolution ကောင်းကောင်းဖြင့် ရုပ်ရှင်များ၊ Game များ၊ Design များကို ကောင်းမွန်စွာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

A 500 ရဲ့ Display က 15.6" ကျယ်တဲ့ HD LED Screen ပါဝင်တာကြောင့် Display ကို ကောင်းမွန်စွာ ကြည့်ရှုနိုင်ပါတယ်။ Blue ROM ပါဝင်တာကြောင့် Blue Ray အခွေဖြင့် ရုပ်ရှင်ကြည့်လို့ရမှာ ဖြစ်တယ်။ အခြားပါဝင်တဲ့ အသုံးဝင်သည့် Accessories တွေကတော့ Webcam, WiFi, Gblan, Gvlan, Bluetooth, 6-in-1 Card Reader တို့ ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ USD 1,059 ဖြင့် ဖုန်း-၀၁-၂၄၅-၁၈၀ KMD တွင် ဝယ်ယူရရှိနိုင်ပါသည်။

## Acer Aspier 5755G



Aspier 5755 G ဟာ Memory 4GB DDR3 ပါဝင်ပြီး Intel Core i5 (2.4 GHz) ကို အသုံးပြုထားတာကြောင့် အသုံးပြုရ လျှင်မြန်စေမှာ ဖြစ်ပါတယ်။ ၎င်း၏ Display က 15.6" HD LED Screen ပါဝင်ပြီး Graphic Card ကို Nividia Geforce GT 540 M (2GB) အသုံးပြုထားတာကြောင့် Resolution ကောင်းကောင်း နှင့် Screen ကျယ်ကျယ် ကြည့်ရှုနိုင်မှာပါ။

Aspier 5755 G ၏ HDD က 640 GB ပါဝင်တာကြောင့် မိမိတို့ စိတ်ကြိုက် DATA တွေ သိမ်းဆည်းနိုင်မှာပါ။ DVD Writer အနေနှင့်တော့ Super Multi Double Layer ပါဝင်ပါတယ်။ အခြား အသုံးဝင်သည့် Accessories တွေကတော့ Webcam, WiFi, Gblan, Gvlan, Bluetooth, Card Reader, USB 3.0 တို့ ပါဝင်ပါတယ်။ Battery ကတော့ 6 Cell ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ USD 740 ဝန်းကျင်ခန့်ရှိပြီး ဖုန်း- ၀၁-၂၂၁-၆၈၃ ရွှေလမင်းနဂါး ကုမ္ပဏီတွင် ဝယ်ယူနိုင်ပါသည်။

## Lenovo IdeaPad Z470

G470 ၏ Processor ကို Intel Core i3 (2.1 GHz) အသုံးပြုထားပြီး 2 GB DDR3 Memory ပါဝင်တာကြောင့် စက်၏ စွမ်းဆောင်ရည်ကို ကောင်းမွန်စေပါတယ်။ ၎င်း၏ Display က 14.1" ရှိတဲ့ LED BackLight Display ပါရှိပါတယ်။



G4870 ၏ HDD ကတော့ 750 GB SATA ပါဝင်တာကြောင့် DATA များကို မိမိတို့စိတ်ကြိုက် သိမ်ဆည်းနိုင်မှာဖြစ်ပြီး Graphic Card ကို Nividia Geforce GT 540 M (2GB) အသုံးပြုထားတာကြောင့် Resolution ကောင်းကောင်းဖြင့် အသုံးပြုနိုင်မှာပါ။ အခြား အသုံးဝင်သည့် Accessories တွေကတော့ Webcam, WiFi, Gblan, Gvlan, Bluetooth, Card Reader, တို့ ပါဝင်ပါတယ်။ Battery ကတော့ 6 Cell ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ USD 589 ဖြင့် ဖုန်း-၀၁-၂၄၅-၁၈၀ KMD တွင် ဝယ်ယူရရှိနိုင်ပါသည်။

## Fujitsu SH561

ယခုလက်ရှိ ဈေးကွက်တည်းသို့ အသစ်ဝင်ရောက်လာတဲ့ Fujitsu Laptop တွေတည်းက SH561 ဟာ လက်ရှိ ဈေးကွက်ထဲမှာအရောင်းသွက်နေပါတယ်။ SH561 ဟာ Core i5 (2.30 GHz) ပါဝင်ပြီး Memory 4GB DDR3 အသုံးပြုထားတာကြောင့် စက်၏စွမ်းဆောင်ရည်ကို ကောင်းမွန်စေမှာဖြစ်ပါတယ်။

SH561 ၏ HDD ကတော့ 500 GB SATA ပါဝင်တာကြောင့် DATA တွေ သိမ်းဆည်းရာတွင်လည်း အဆင်ပြေစေပါတယ်။ ၎င်း၏ Display ဟာ 13.3" အကျယ်ရှိတဲ့ HD LED Screen ပါဝင်ပြီး Nvidia Geforce 520M DDR3 1GB ပါရှိတာကြောင့် Resolution ကောင်းကောင်းဖြင့် ရုပ်ရှင်များ၊ Game များ၊ Design များကို ကောင်းမွန်စွာအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အခြား အသုံးဝင်သည့် Accessories တွေကတော့ Webcam, WiFi, Gblan, Gvlan, Bluetooth, Card Reader, တိုပါဝင်ပါတယ်။ Battery ကတော့ 6 Cell ပါဝင်ပါတယ်။ ဈေးနှုန်းကတော့ USD 1,250 ရှိပြီး DCD အမှတ် ၇၃၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၀၁-၂၉၁-၈၃၀ တွင် ဝယ်ယူနိုင်ပါသည်။



## Fujitsu LH531V

LH531V ၏ Processor ကတော့ Intle Core i5 2410 (2.30 GHz) ပါဝင်ပြီး HDD 500GB SATA ပါဝင်တာကြောင့် စိတ်ကြိုက် DATA တွေကို သိမ်းဆည်းနိုင်မှာ ဖြစ်ပါတယ်။ Memory ကတော့ 2GB DDR3 ပါဝင်ပါတယ်။

၎င်း၏ Display ကတော့ 15.6" ကျယ်တဲ့ HD LED Screen ပါဝင်ပြီး Nvidia Geforce 520M DDR3 1GB ပါရှိတာကြောင့် Resolution ကောင်းကောင်းဖြင့် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အခြား အသုံးဝင်သည့် Accessories တွေကတော့ Webcam, WiFi, Gblan, Gvlan, Bluetooth, Card Reader, တိုပါဝင်ပါတယ်။ Battery ကတော့ 6 Cell ပါဝင်ပါတယ်။ ဈေးနှုန်း ကတော့ USD 679 ရှိပြီး DCD ဖုန်း ၀၁-၂၉၁-၈၃၀ တွင် ဝယ်ယူနိုင်ပါသည်။



## Dell N4050 – 731TH

N4050 ၏ HDD ဟာ 640GB sata ပါဝင်တာကြောင့် DATA တွေကို စိတ်ကြိုက်သိမ်းဆည်းနိုင်ပြီး DVD Writer တွင် Super Multi Drive ပါဝင်ပါတယ်။ ၎င်း၏ Display ကတော့ 14.0" ကျယ်တဲ့ LED Screen ပါဝင်ပြီး ATI Radeon HD 6470M 1GB ပါရှိတာကြောင့် Resolution ကောင်းကောင်းဖြင့် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

N4050 တွင် Intle Core i5 2410 (2.30 GHz) Processor ကို အသုံးပြုထားပြီး 2 GB DDR3 Memory ပါရှိတာကြောင့် စက်၏စွမ်းစောင်ရည်ကို ကောင်းမွန်စေပါတယ်။ အခြား အသုံးဝင်သည့် Accessories တွေကတော့ Webcam, WiFi, Gblan, Gvlan, Bluetooth, Card Reader, တို့ပါဝင်ပါတယ်။ Battery ကတော့ 6 Cell ပါဝင်ပါတယ်။ ဈေးနှုန်း ကတော့ ကျပ် ၅၁၀,၀၀၀န်းကျင်ရှိပြီး ပြည်တွင်းရှိ Computer အရောင်းဆိုင်ကြီးများတွင် ဝယ်ယူနိုင်ပါသည်။





# ကွန်ပျူတာ၊ မိုဘိုင်းလ်၊ Web လောကအတွင်း ထူးခြား ဖြစ်ရပ်များ

By YHT

အခုဖော်ပြမယ့် အကြောင်းအရာက တစ်ကယ်တမ်းပြောရရင် ဟောင်းနေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့်လည်း ပြန်ကြည့်ရင်တော့ အခုနာမည်ကြီးလာတဲ့ Android လို OS မျိုးက တစ်ချိန်က ဈေးကွက်အတွင်း အရှုံးတွေနဲ့ရင်ဆိုင်ခဲ့ရတဲ့ ဖြစ်ရပ်၊ Windows ရဲ့ Windows Phone 7.5 ဆိုတာကော၊ HP ရဲ့ Web OS အစရှိတဲ့ နည်းပညာဆုံးရှုံးမှုတွေက သိထားဖို့ မဟောင်းနိုင်တဲ့ ကိစ္စရပ်တွေပါပဲ။

တစ်ချို့တွေက မိုဘိုင်းလ်နည်းပညာရပ်တွေ ဖြစ်ပေမယ့်လည်း အဆိုပါ မိုဘိုင်းလ်ထုတ်လုပ်သူတွေရဲ့ PC နဲ့ လွဲမှားတဲ့ ပေါင်းစပ်မှု၊ ကိုယ်တိုင်နာမည်ကြီးလိုမှုတွေကလည်း ကွန်ပျူတာနဲ့ မိုဘိုင်းလ်လောကအတွင်း ဖြစ်ပေါ်ခဲ့ပါတယ်။

## ကံကောင်းသွားသော HP ရဲ့ PC လုပ်ငန်း



HP အတွက် ၂၀၁၁ က ရှုပ်ထွေးမှုတွေ များစွာဖြစ်ပေါ်ခဲ့တဲ့ နှစ်လို့ ပြောလို့ရပါတယ်။ HP ဟာ ၂၀၁၁ မှာပဲ WebOS ကို စွန့်လွှတ်ခဲ့ပြီး ထူးထူးခြားခြား Tablet တွေ ဘက်ကို ခြေဦးလှည့်ခဲ့ပါတယ်။ ရလာတဲ့အကျိုးဆက်ကတော့ OS platform တစ်ခုအတွက် ရင်းနှီးမြှုပ်နှံထားရတဲ့ Developer တွေနဲ့ စီးပွါးရေး ပညာရှင်တွေမှာ စွန့်ခွါသွားကြတာပါပဲ။

ထိုစဉ်အချိန်များမှ HP မှ ကုမ္ပဏီရဲ့ PC လုပ်ငန်းစုကို ရောင်းချမယ်လို့ တရားဝင်ကြော်ငြာခဲ့ရတဲ့အထိ ဒုက္ခရောက်ခဲ့ရပါတယ်။ ကုမ္ပဏီရဲ့ CEO အသစ်ဖြစ်လာတဲ့ Meg Whitman ရောက်လာပြီးမှသာလျှင် ကျွန်တော်တို့ အနေနဲ့ HP ရဲ့ PC တွေကို ဆက်လက်မြင်တွေ့နေရတာပဲ ဖြစ်ပါတယ်။

## Malware များရဲ့ ပစ်မှတ်လား



နာမည်ကျော် Google ရဲ့ mobile OS တစ်ခုဖြစ်တဲ့ Android အနေနဲ့ ကောင်းကွက်များစွာရှိပေမယ့် ၎င်းမှာ တစ်ဖက်တစ်လမ်းမှ malware များကို ဖိတ်ခေါ်နေပါတယ်။ ၂၀၁၁ ခုနှစ်အတွင်း Google ဟာ Android app ၁၀၀ ကျော်ကို Android Market မှ တဆင့် ဖယ်ရှားခဲ့ရတဲ့ အထိပါပဲ။ ဒါဆိုဘာလို့ malware တွေက Android ကို ပစ်မှတ်ထားရလဲလို့ မေးစရာရှိလာပါတယ်။ Android ဟာ Open Source ဖြစ်နေခြင်း၊ မိုဘိုင်းလ် ဈေးကွက်အတွင်း နေရာရ လာခြင်းတို့ကတော့ အဓိကပဲ ဖြစ်ပါတယ်။ Goolge ကတော့ ယခုအချိန် Android မှာ ရှိနေတဲ့ malware များကို အနည်းဆုံးဖြစ်ရန် ဖြေရှင်းနေတာကတော့ သတင်းကောင်းပါပဲ။

## ပျက်တောင်းပျက်တောင်း BlackBerry

ဒီကိစ္စဟာ PC နဲ့တော့ မဆိုင်ပေမယ့် PC user တွေလည်း သိထားသင့်တဲ့အချက်ပါပဲ။ RIM ကုမ္ပဏီက ထုတ်လုပ်တဲ့ BlackBerry မိုဘိုင်းလ်ဖုန်းတွေဟာ ၎င်းတို့ handset အချင်းချင်း SMS ပေးပို့ရာမှာ အခမဲ့ဖြစ်ခြင်းနှင့် လျှင်မြန်ခြင်းတို့ အတွက် နာမည်ကြီးပါတယ်။ သို့သော်လည်း BlackBerry ရဲ့ SMS ကို အားကိုးလွန်းတဲ့သူတွေဟာ ယမန်နှစ်အတွင်း ၃ ရက်ခန့် လောကကြီးနဲ့ အဆက်အသွယ် ပြတ်တောက်သွားရပါတယ်။ အကြောင်းအရင်းကတော့ ၂၀၁၁ ခုနှစ်အတွင်းမှာ BlackBerry ရဲ့ SMS ပေးပို့ခြင်းစနစ်ဟာ ၃ ရက်တာ ပျက်တောက်သွားခဲ့ပြီး ဖုန်းမှတဆင့် အင်တာနက်ကိုလည်း အသုံးပြုလို့ မရတော့ပါဘူး။ ထိုအချိန်မှ စပြီး RIM ရဲ့ BlackBerry တွေကလည်း ဈေးကွက်တွင်း တရိပ်ရိပ်နဲ့ customer များရဲ့ ယုံကြည်မှုကို လက်လွှတ်လာခဲ့ရပါတယ်။



## Windows Phone 7.5 ဘယ်ရောက်သွားလဲ

အခုတလော Windows 8 Consumer Preview ထွက်ရှိလာတဲ့အခါမှာ အသုံးပြုသူတော်တော်များများက ၎င်းရဲ့ Metro UI ကို Windows Phone 7 နဲ့တူတဲ့ အကြောင်း ပြောကြပါတယ်။ Microsoft ဟာ Windows Phone 7 ကို စတင်ထုတ်လုပ်ပြီး အသုံးချရမယ့် မိုဘိုင်းလ် Handset ထုတ်လုပ်သူ ရှားပါးနေချိန်မှာ ကယ်တင်ရှင်ကတော့ Nokia ဖြစ်ခဲ့ပါတယ်။ ထို့နောက် Microsoft မှ ၎င်းတို့ရဲ့ Windows Phone 7 များကို update ပြုလုပ်ခဲ့ပြီး အမည်ကိုတော့ Windows Phone 7.5 (သို့) Mango လို့ ပေးခဲ့ပါတယ်။ ဒါဆိုရင် Mango က ဘာလို့ မအောင်မြင်ခဲ့တာလဲ။ တစ်ကယ်တော့ Mango အတွင်း ပြစ်ချက် တစုံတရာ မရှိခဲ့သော်လည်း ထူးဆန်းစွာပင် မိုဘိုင်းလ်ဖုန်း အသုံးပြုသူတွေဟာ Mango ကို ကြိုက်နှစ်သက်ခြင်း မရှိခဲ့ပါဘူး။ သည့်အတွက် Mango ဟာ ၎င်းအတွင်း စွမ်းအားမြင့် Feature များ ရှိသော်လည်း မိုဘိုင်းလ်ဖုန်း OS ဈေးကွက်အတွင်း ကျဆုံးခဲ့ရပါတယ်။



## ရောင်းအား မကောင်းသေးတဲ့ Android Tablets

မိုဘိုင်းလ် OS လောကမှာ Android OS တွေက ထိပ်တန်းနေရာမှာ ရှိနေပေမယ့် ၎င်းတို့ကို အသုံးပြုနေတဲ့ Tablet တွေကတော့ ဈေးကွက်အတွင်း နေရာရမှုမှာ Apple ရဲ့ iPad ကို မယှဉ်နိုင်ပဲ ဖြစ်နေရပါတယ်။ ၂၀၁၁ ခုနှစ်အတွင်း Samsung ရဲ့ Galaxy Tab တွေ ထွက်လာတဲ့ အချိန်မှာတော့ Android Tablets များကလည်း နာမည်တက်လာခဲ့ပေမယ့် Samsung Galaxy Tab တွေလည်း iPad ကို မယှဉ်နိုင်ခဲ့ ပြန်ပါဘူး။ တစ်ကယ်တမ်းပြောရရင်တော့ Android Tablets တွေက Open Source ဖြစ်မှု၊ ဈေးသက်သာမှုတို့ကြောင့် လူစိတ်ဝင်စားခြင်းခံရသော်လည်း နာမည်ကြီး ထုတ်လုပ်သူ အလွန်နည်းပါးခြင်းဟာ Android ကို Tablet လောကအတွင်း ဈေးကွက်ရမှု နှောင့်နှေးစေပါတယ်။



## တစ်ရက် ဒေါ်လာ ၁၆၀,၀၀၀ ပေးရမယ့် Facebook




ကွန်ပျူတာ၊ မိုဘိုင်းလ် နည်းပညာအကြောင်း ပြောကြေးဆိုရင် ကျွန်တော်တို့ Web အပိုင်းကိုလည်း ချန်ထားခဲ့လို့ မရ ပြန်ပါဘူး။ Social Network ဘုရင်လို့ တင်စားခေါ်ဝေါ်ထားတဲ့ Facebook ဟာ နာမည်ကျော်လာတာနဲ့အမျှ အသုံးပြုသူတွေရဲ့ သတင်းအချက် အလက်တွေကို ကြော်ငြာသူတွေဆီ ရောင်းစားတယ်ဆိုတဲ့ သတင်းများ ထွက်ပေါ်ခဲ့ပါတယ်။ သို့အတွက်ကြောင့် FTC (Federal Trade Commission) ရဲ့ သတိပေးမှုကို ခံခဲ့ရပါတယ်။ သတိပေးမှုအတွင်း ဒဏ်ကြေးချမှတ်ခြင်းမရှိခဲ့ပေမယ့် သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက် မယ်ဆိုရင် Facebook မှ တစ်ရက်လျှင် ဒေါ်လာ ၁၆၀,၀၀၀ ပေးဆောင်သွားရမယ်လို့ ဝန်ခံကတိလက်မှတ် ရေးထိုးခဲ့ရပါတယ်။

## Google + and Google Music

အခုတလော Google ဟာ Microsoft နည်းတူ ကျင့်သုံးလာတာ တွေ့ရပါတယ်။ Microsoft မှ ပိုက်ဆံနဲ့ လူအင်အားရှိတဲ့အတွက် ထွက်ရှိပြီးသား နည်းပညာ အကြံဉာဏ်တွေကို အခြေခံလောက်သာ လိုက်လံတုပပြီး ပိုကောင်းအောင် ပြုလုပ်လေ့ရှိပါတယ်။ Google ကလည်း ထိုနည်းအတိုင်း Social Network နှင့် အခြား ဝန်ဆောင်မှုများကို အသည်းအသန် လိုက်လံထုတ်လုပ်နေပါတယ်။ ဥပမာ - Google + ဟာ Facebook ရဲ့ အကြံအစည်များနဲ့ ဆင်တူဖြစ်ပြီး နောက်ထွက် Google Music ကလည်း Amazon Cloud Music ပုံစံတူပဲဖြစ်ပါတယ်။ Google + ဟာ အခုချိန်မှာ အသုံးပြုသူဦးရေ တရိပ်ရိပ်တက်လာတယ်လို့ ဆိုနိုင်ပေမယ့်လည်း Social Network လောကအတွင်းမှာတော့ ကလေး အဆင့်သာ ရှိနေပါလိမ့်မယ်။



## The BlackBerry PlayBook



BlackBerry ရဲ့ PlayBook တွေ စထွက်စဉ်အချိန်ကတော့ ၎င်းတို့ဟာ iPad တွေကို ကောင်းကောင်း အလဲထိုး သွားနိုင်တဲ့ ပစ္စည်းတစ်ခု အဖြစ် အများက မျှော်လင့်ခဲ့ကြပါတယ်။ တစ်ကယ်လည်း Tablet အတွင်းမှာ Stable ဖြစ်တဲ့ OS နဲ့ ကောင်းမွန်လှတဲ့ Hardware တွေ အသုံးပြုထားပေမယ့် RIM ဟာ အဓိက Feature ဖြစ်တဲ့ Personal Info Management (PIM) ကို နောက်ကျမှ ထည့်သွင်းပေးမှု၊ PlayBook ပေါ်၌ e-mail အသုံးပြုရန် BlackBerry Smart Phone တစ်ခုလိုအပ်မှုတို့ဟာ BlackBerry PlayBook ရဲ့ အဓိက မအောင်မြင်ရခြင်း သော့ချက်ပဲ ဖြစ်ပါတယ်။

## Yahoo!



နှစ်စဉ်နှစ်တိုင်း ပြဿနာများနဲ့ ရင်ဆိုင်နေရတဲ့ ကုမ္ပဏီကို ပြပါဆိုရင် Yahoo ပဲ ရှိနေပါလိမ့်မယ်။ အင်တာနက် Search Engine လောကမှ တစ်ခေတ်တစ်ခါက ဦးဆောင်နိုင်ခဲ့တဲ့ Yahoo ဟာ အခုချိန်မှာ ကုမ္ပဏီအတွင်းပိုင်းဆိုင်ရာ ကျဆုံးမှုများနဲ့အတူ ပြိုင်ဘက်များအတွက်လည်း အဆိပ်မရှိတော့တဲ့ မြွေတစ်ကောင် သဖွယ် ဖြစ်သွားပါပြီ။ ကုမ္ပဏီတွင်း မကြာသေးခင် လပိုင်းအတွင်းမှာပဲ CEO နှင့် အပေါင်းအပါတစ်စုမှာ နုတ်ထွက်သွားပါတယ်။ ယခုအချိန်မှာတော့ Yahoo အနေနဲ့ ကုမ္ပဏီ၏ ရပ်တည်ချက်အား ပြောင်းလဲခြင်း (သို့) တစ်ခြား ပိုင်ရှင်လက်ထဲသို့ ရောင်းချရန်သာ ကျန်ရှိပါတော့တယ်။


## အသစ်ထွက် PC Software များ

### ၁. Google Chrome 18.0



နာမည်ကျော် Google ရဲ့ Chrome Browser 18.0 ဖြစ်ပါတယ်။ ပိုမိုညက်ညောတဲ့ Features တွေနဲ့ Bug Fixes တွေလဲ အများအပြား ပြုလုပ်ထားပါတယ်။

### ၂. Dexpot 1.5.16



မိမိရဲ့ Monitor Screen ကို Desktop အခု ၂၀ အထိ ခွဲခြား အသုံးပြုနိုင်အောင် ဖန်တီးထားတာကတော့ Dexpot 1.5.16 ပဲဖြစ်ပါတယ်။

### ၄. Foxit Reader 5.1



PDF များဖတ်ရှုရာမှာ မြန်မြန်ဆန်ဆန် အသုံးပြုနိုင်တဲ့ Foxit Reader ဟာ အခု version မှာတော့ Facebook နှင့် Twitter Sharing တို့ built-in ပါဝင်လာမှာဖြစ်ပြီး Drawing Tool တွေလည်း ပါဝင်လာပါတယ်။

### ၇. Internet Download Manager 6.10




ပုံမှန် Download လုပ်နှုန်းကို ၅ ဆ အထိ ဆွဲတင်ပေးနိုင်တဲ့ IDM နောက်ဆုံးထွက် version ဖြစ်ပြီး Browser များအားလုံးနီးပါးအတွက် ကိုက်ညီအောင် ပြုလုပ်ထားပါတယ်။

### ၈. PDF Creator 1.3.1



Print လုပ်လုပ်ရသော မည်သည့် Document ကနေမဆို PDF လုပ်နိုင်ပြီး အခြား format များဖြစ်သော JPG၊ PNG၊ TIFF၊ BMP၊ EPS အစရှိသည် တို့ကိုလည်း ထုတ်ပေးနိုင်စွမ်းရှိပါတယ်။ ထို့ပြင် ထူးခြားတဲ့ အချက်ကတော့ PDF Creator ကို Terminal Server များတွင်ပါ Install လုပ်ကာ အသုံးပြုနိုင်ခြင်းပါပဲ။

### ၁၁. Fast Picture Viewer 1.7



ဓါတ်ပုံပညာရှင်များအတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ Image Viewer တစ်ခုဖြစ်ပြီး Copy၊ Move၊ Delete၊ save-for-web အစရှိတာတွေကိုလည်း ပြုလုပ်နိုင်ပြီး များစွာသော Feature များလည်း ပါဝင်ပါသေးတယ်။

### ၁၂. Adobe Photoshop Lightroom 4



Maps၊ video editing အနည်းငယ်၊ ပိုမိုကောင်းမွန်သော Adjustment tools များ၊ book creation များ ပါဝင်ပါတယ်။ Adobe Photoshop Lightroom 4 ဟာ ဓါတ်ပုံရိုက်ကူးသူတွေ အတွက် အထူးသင့်လျော်ပါတယ်။

# Laptop နှင့် ကွန်ပျူတာ Accessories များ၏ ဈေးနှုန်းများ

## LAPTOP



| Acer/msi/ASUS | Kyat |
|---|---|
| Acer Aspire S3/Intel Core i5 2467M | 732,000 |
| Acer Aspire One D270 Intel AtomTM Processor Dual Core N2800 | 261,000 |
| Acer Aspire 5755G (i5)/Intel Core i5 2450M | 611,000 |
| Acer Aspire 4752ZG/Intel Pentium Dual Core B960 | 435,000 |
| Acer Aspire 4752Z/Intel Pentium Dual Core B960 | 374,000 |
| ASUS K43SD-VX390D/IntelCorei5-2450M-2.5GHz | 620,000 |
| ASUS K43SJ-VX816D/VX818D/IntelCorei5-2430M-2.4GHz | 595,500 |
| ASUS X44HR-VX040D/Intel B960 2.2GHz, 4GD3/1333 | 456,700 |
| ASUS X44H-VX146D/Intel B960 2.2GHz, 4GD3/1333 | 424,000 |
| ASUS X44H-VX141D/Intel B815 Celeron 1.6 GHz, 4GD3/1333 | 391,300 |
| msi-U135DX/Intel Atom N570(1.66GHz) 2 Core 4 threads | 262,000 |
| msi-CX 480-i5/Intel Sandy Bridge Core i5 | 541,000 |
| msi-CX 480-i3/Intel Sandy Bridge Core i3 | 491,000 |
| msi-CR460-B950/Intel Sandy Bridge Bridge (B950) 2.10GHz | 376,000 |
| msi-CR430-AMD/E-Series APU Processors | 352,000 |
| Acer: 01-221-683, 01-217-233, msi: 01-227-781, ASUS: 01-226-664 | |

## PRINTER & SCANNER



| Epson/Canon/HP/Samsung | Kyat |
|---|---|
| Epson - LQ300+II Printer with Cable | 164,000 |
| Epson - Stylus T13 Printer Cable (USB) Without Ink Cartridge | 52,000 |
| Epson - Stylus Photo R230X Printer w/Cable (USB) | 136,000 |
| Canon - iP 2770 Printer with Cable (USB) | 44,000 |
| Canon - LBP 6000 Printer with Cable (USB) | 75,000 |
| Canon - LBP 2900B Printer with Cable (USB) | 123,000 |
| Canon - Flatbed Scanner Canon Lide 110 | 50,000 |
| HP - Laserjet P2055DN Printer with Cable(USB) | 360,000 |
| HP - Laserjet 1025 NW Color Printer with Cable (USB)Wireless | 260,000 |
| HP - Laserjet 1536DNF AIO Printer with Cable (USB) 4 in 1 | 395,000 |
| HP - Laserjet M1212NF AIO Printer with Cable (USB) 4 in 1 | 255,000 |
| HP - Officejet K7000 Printer with Cable (USB) A3 Size | 275,000 |
| HP - Laserjet P1102 Printer with Cable (USB) | 82,000 |
| Samsung - Laserjet Color CLP-325 Printer With Cable (USB) | 225,000 |
| Samsung - Laserjet Color CLP-325W Printer With Cable (USB) Wireless | 260,000 |
| Samsung - Laserjet Color CLX-3185 Multifunction Printer With Cable (USB) | 285,000 |
| Samsung - Laserjet SCX-4623F Printer With Cable(USB) 4 in 1 | 170,000 |
| Epson: 01-523-532, HP: 01-376-645, Canon: 01-202-092 | |

## TONER/CARTRIDGE




| HP/Canon | Kyat |
|---|---|
| HP 1200 (C7115A) Toner | 53,000 |
| HP 1005 (CB 435A) Toner | 53,000 |
| HP 1010 / 3015 Toner (Q2612A) Toner | 55,000 |
| HP 2015 Toner (Q7553A) Toner | 60,000 |
| Canon 2900 (EP 303) Toner | 47,500 |
| Canon 1120 (EP22) Toner | 47,500 |
| Canon 3050 (312) Toner | 47,500 |
| Canon 6000 (325) Toner | 47,500 |
| Samsung SCX 4623F Toner (MLT-D105S) | 57,000 |
| HP 85A Cartidge (Original) | 45,000 |
| HP 61 Cartidge (Black) | 13,500 |
| HP 61 Cartidge (Tri color) | 15,500 |
| Canon 305C Cartidge (Original) | 45,000 |
| HP: 01-376-645, Canon: 01-202-092. | |

## USB STICK



| Verbatim/Transcend | Kyat |
|---|---|
| Verbatim-(4GB) Pen Drive / Free Com | 6,500 |
| Verbatim-(8GB) Pen Drive / Free Com | 9,000 |
| Verbatim-(16GB) PenDrive/Free Com | 15,000 |
| Transcend-(4GB) Pen Drive | 8,000 |
| Transcend-(8GB) Pen Drive | 10,000 |
| Transcend-(16GB) PenDrive | 16,000 |
| Transcend-(16GB) Pen D | 16,000 |
| Transcend-(4GB) Pen Drive | 10,500 |
| Transcend-(8GB)Pen Drive | 14,000 |
| Transcend-(16GB) Pen Drive | 18,000 |
| KMD: 01-381-124, 01-381-035 | |

## MULTIMEDIA




| Microlab | Kyat |
|---|---|
| Microlab-B18 Samll Speakers | 7,500 |
| Microlab M-100 Speakers with woofer | 22,000 |
| Microlab M-111 / 223 Speakers with woofer | 25,000 |
| Microlab M-200 / 100USpeakers with woofer | 28,000 |
| Microlab M-600 Speakers with woofer | 37,000 |
| Microlab M-700 Speakers with woofer | 39,000 |
| Microlab: 01-291-830, 01- 297-332. | |

## LAPTOP BAG




| Dicota | kyat |
|---|---|
| BacPac Broker | 44,000 |
| BacPac Business (Beige) | 50,000 |
| College Motion (Black/Beige) | 30,000 |
| College Motion (Black/Grey) | 30,000 |
| Dee Messenger 11.6"/14.1" (Black)) | 47,000 |
| Dee Slim Case 13"/14.1" (Black) | 24,000 |
| Lady Spirit | 37,000 |
| LadyStyle (Black) | 38,000 |
| LadyStyle (Brown) | 38,000 |
| LadyStyle (Grey) | 38,000 |
| Mobile Commuter | 93,000 |
| Pep.UP Junior(Black) | 30,000 |
| Pep.UP Junior(Grey) | 32000 |
| Pep.UP Junior(Brown) | 32,000 |
| SmartSkin 10.1"/12.1" | 19,000 |
| SmartSkin 13"/14.1" | 20,000 |
| TakeOff Sport (Brown) BP | 52,000 |
| TakeControl13.3"(Black) apple | 92,000 |
| Take off (Black) | 40,000 |
| Take off (Brown) | 40,000 |
| Cosmos Power Bllster | 10,000 |
| Brilliant Cleaning Gell II | 4,500 |
| Cam pocket look (Grey) | 12,000 |
| Guard II NB Key lock | 12,000 |
| Combination Lock | 3,500 |
| KMD: 01-381-124, 01-381-035 | |

## EXTERNAL DVD




| Liteon/ASUS | USD |
|---|---|
| Liteon-22X Internal DVD-RW PATA | 29 |
| Liteon-24X Internal Label Tag SATA | 28 |
| Liteon-8X External DVD-RW USB (Topload) | 53 |
| | Kyat |
| ASUS-SBW-06C1S-U/BLK(USB 2.0 | 143,800 |
| ASUS-SDRW-08D2S-U (BLK,WHT) | 36,700 |
| Lite-On: 01-394-270, 01-384-017. ASUS: 01-226-664 | |

## EXTERNAL HDD



| Verbatim/Transcend | Kyat |
|---|---|
| Verbatim External USB HDD 500GB (2.5") with free HDD Pouch(3.0) | 72,000 |
| Verbatim External USB HDD 1000GB (2.5") with free HDD Pouch(3.0) | 112,000 |
| Transcend External USB HDD 500GB (2.5") Free Com | 79,000 |
| KMD: 01-381-124, 01-381-035 | |

## KEYBOARD & MOUSE



| A4 Tech/Prolink | kyat |
|---|---|
| A4 Tech Optical Mouse 620D (PS2) / USB | 3,800 |
| A4 Tech Optical Mouse BW9 (USB) | 3,800 |
| Prolink (Combo) Wireless Laser KB + Mouse ( 5307G ) | 22,000 |
| Prolink Wireless Multimedia KB with Touch Panel ( 5308G ) | 33,000 |
| Prolink (Combo) Wireless Laser KB + Mouse ( 4693G ) | 22,000 |
| Prolink Optical Mouse (USB) 618U | 4,000 |
| Prolink Optical Mouse (USB) 620U | 4,000 |
| Prolink Optical Mouse (USB) 622U/623U) | 4,000 |
| Prolink Optical Mouse (USB) 338N Retractable | 4,000 |
| Prolink Myanmarser KB (USB) 2305U | 4,700 |
| Prolink (Combo)Wireless Multimedia KB+Mouse(5309G) | 19,000 |
| Prolink Wireless Nano Mouse (USB) 712G /713G | 12,000 |
| Prolink Wireless Nano Mouse (USB) 714G / 715/716 G | 12,000 |
| Prolink Wireless Laser Mouse (USB) 303 | 16,000 |
| Prolink Wireless Presenter with Air Mouse (USB) PWP-102G | 22,000 |
| Prolink Wireless Bluetooth Optical Mouse PMO 624B | 15,000 |
| Prolink Wireless Bluetooth Multimedia KB PKM 3810B | 21,000 |
| A4-Tech: 01-299-695, Prolink: 01-381-124, 01-381-035 | |

## NETWORK ACCESSORIES



| Prolink/Trendnet | Kyat |
|---|---|
| Prolink - 5 Ports Switch 10/100B | 11,500 |
| Prolink - 8 Ports Switch 10/100B | 14,000 |
| Prolink - 16 Ports Switch 10/100B | 26,000 |
| Prolink - Gigabit 8 port switch 10/100/1000 BT | 39,000 |
| Prolink - Gigabit Lan card 10/100/1000 BT | 9,500 |
| Prolink - Gigabit 8 port switch 10/100/1000 BT | 39,000 |
| Prolink - Gigabit 16 port switch 10/100/1000 BT | 85,000 |
| Prolink - Gigabit 24 port switch 10/100/1000 BT | 115,000 |
| | USD |
| Trendnet - TBW-106UB/Micro-Bluetooth USB Adapter | 20 |
| Trendnet - TEW-421PC/54Mbps 11g Wireless PC Card | 20 |
| Trendnet - TEW-423PI/54Mbps 11g Wireless PCI Adapter | 20 |
| Trendnet - TEW-424UB/54Mbps 11g Wireless USB Adapter | 20 |
| Trendnet - TEW-430APB/54Mbps 11g Wireless Access Point with Bridge | 48 |
| Trendnet - TEW-432BRP/54Mbps 11g Wireless SPI Firewall Router with 4-port Switch | 44 |
| Trendnet - TEW-434APB/54Mbps Wireless G PoE Access Point | 61 |
| Trendnet - TEW-648UB/150Mbps Mini Wireless N USB Adapter | 19 |
| Trendnet - TEW-648UBM/150Mbps Micro Wireless N USB Adapter | 20 |
| Trendnet - TEW-646UBH/High Power 150Mbps wireless N USB Adapter | 27 |
| Trendnet - TEW-650AP/ 150Mbps Wireless N Access Point | 49 |
| Trendnet-150Mbps Wireless N Home Router | 44 |
| Trendnet - TEW-643PI/N speed Wireless PCI Adapter | 32 |
| Trendnet - TEW-644UB/Nspeed Wireless N USB Adapter | 24 |
| Trendnet - TEW-649UB/Mini Wireless N Speed USB Adapter | 24 |
| Trendnet - TEW-623PI/N Draft Wireless PCI Card | 40 |
| Trendnet - TEW-624UB/N Draft Wireless USB Adapter | 31 |
| Trendnet - TEW-637AP/ 300Mbps Wireless Easy-N-Upgrader | 54 |
| Trendnet: 01-250-021, KMD: 01-381-124 | |



# ကွန်ပျူတာတစ်လုံး ဆင်ဖို့အတွက် ဈေးနှုန်းများ

## DO-IT-YOURSELF PC


လူကြီးမင်းများ ကုမ္ပဏီမှ ဖြန့်ချိသော ကုန်ပစ္စည်းဈေးနှုန်းများကို ပေးပို့လိုပါက newsroom@myanmarict.com သို့ အောက်ဖော်ပြပါ ဇယားအတိုင်း Spreadsheet (Excel) Format ဖြင့် ပေးပို့နိုင်ပါသည်။

## CPU




| Intel | Kyat |
|---|---|
| Intel Dual Core 3.0GHz {2MB/775} E-5700 | 60,000 |
| Intel Core i3 3.3GHz {3MB/1155} 2120 | 97,000 |
| Intel Core i5 3.0GHz {6MB/1155} 2320 | 153,000 |
| Intel Core i7 3.4GHz {8MB/1155} 2600 | 240,000 |
| Intel Dual Core 3.2 GHz {2MB/775} E-5800 | 62,000 |
| Intel Dual Core Celeron 1.8GHz | 38,000 |
| Intel Dual Core 3.2 GHz | 59,000 |
| Intel Core i5 3.0GHz | 147,000 |
| T.Land: 01-398-343 | |

## MOTHERBOARD



| Gigabyte/msi/ASUS | kyat |
|---|---|
| Gigabyte - H67M-D2-B3 | 93,000 |
| Gigabyte - G41MT-S2 | 49,500 |
| Gigabyte -EX58A-UD3R | 275 |
| msi-X79A-GD45(8D) (i7/4 SATA 6Gb/s/4 USB 3.0) | 189,000 |
| msi-Z77A-GD65 (i7/i5/i3/ 4 SATA 3Gb/s/4 USB 3.0) | 189,000 |
| msi- Z77A-G45 (i7/i5/i3/ 4 SATA 3Gb/s/2 USB 3.0) | 164,000 |
| msi- Z68A-GD80 (i7/i5/i3/ 4 SATA II3Gb/s/4 USB 3.0) | 238,000 |
| msi- H61M-P35 (i7/i5/i3/ 4 SATA 3Gb/s) | 65,000 |
| msi-X79A-GD65(8D) ( i7/4 SATA 6Gb/s/4 USB 3.0) | 312,000 |
| msi-GA-G41MT-S2P(775/DDR3) w/Sound+Lan+PCIE | 48,000 |
| msi-GA-G61M-S2B3(1155/DDR3) w/Sound+Lan+PCIE | 57,000 |
| ASUS-P5 G41-TMLX 3 PLUS (775/DDR3) w/Sound+Lan+PCIE | 48,000 |
| ASUS-P5 G41-TMLX (775/DDR3) w/Sound+Lan+PCIE / MSI-G41M | 51,000 |
| ASUS-P8 H67-MLE {1155/DDR3} w/Sound+PCIE+Lan+USB 3.0 | 92,000 |
| ASUS-P8 H61-MLX (1155/DDR3) w/Sound+Lan+PCIE | 58,000 |
| ASUS-P8 H61-MLX-Plus (1155/DDR3) w/Sound+Lan+PCIE | 61,000 |
| msi: 01- 227-781, ASUS: 01-226-664, GIGABYTE: 01- 399-239 | |

## MEMORY



| Kingston | Kyat |
|---|---|
| Kingston-2GB (DDR2 RAM) | 22,000 |
| Kingston-2GB (DDR3 RAM) 1333 MHz | 12,500 |
| Kingston-4GB (DDR3 RAM) 1333 MHz | 20,000 |
| Kingston-2GB (DDR3 RAM) 1333 MHz NB RAM | 13,000 |
| Kingston-4GB (DDR3 RAM) 1333 MHz NB RAM | 20,000 |
| T.Land: 01-398-343 | |

## HARD DRIVE




| Seagate | Kyat |
|---|---|
| Seagate - 500 GB | 73,000 |
| Seagate -1000GB | 94,000 |
| Seagate -2000GB | 121,000 |
| Life Mark : 01-391-690, 01-391-691 | |

## POWER SUPPLY



| Golden Field/Thermaltake | Kyat |
|---|---|
| Golden Field-500W PSU | 10,500 |
| Golden Field-550W PSU | 16,000 |
| | USD |
| Thermaltake-TP-1500MPCSUS PSU | 325 |
| Thermaltake-TPX-1475MPCGEU PSU | 315 |
| Thermaltake-TP-1350MP CEU | 275 |
| Golden Field: 01- 430-013, Thermaltake: 01-210-943 | |

## GRAPHIC CARD



| Gigabyte/ASUS/msi | USD |
|---|---|
| Gigabyte - ATI Radeon HD R657OC-1GI | 88 |
| Gigabyte -ATI Radeon HD R645OC-1GI | 67 |
| Gigabyte -ATI Radeon HD R545D3-1GI | 52 |
| Gigabyte -NVIDIA GeForce N450-1GI | 115 |
| Gigabyte -NVIDIA GeForce N440TC-1GI | 105 |
| Gigabyte-NVIDIA GeForce N440D3-1GI | 93 |
| | Kyat |
| Asus - PCIE (1 GB) EAH 5450 (DDR3) with DVI/HDMI Output | 37,500 |
| Asus - PCIE (1 GB) EAH 6570 (DDR3) with DVI/HDMI Output | 68,000 |
| Asus - PCIE (1 GB) ENGT 430 (DDR3) with DVI/HDMI Output | 59,500 |
| msi-N450GTS-MD 2GD3 | 101,000 |
| msi-N440GT-MD 512D5 | 56,000 |
| msi-N430GT MD 2GD3 | 72,000 |
| msi- N570GTX Twin Frozr III (Power Edition)/ OC | 328,000 |
| msi-N560GTX-Ti Twin Frozr II 2GD5/ OC | 246,000 |
| msi-N520-MD1GD3/LP | 50,000 |
| GIGABYTE: 01- 399239, ASUS: 01-226-664, msi: 01- 227-781. | |

## OPTICAL DISK DRIVE



| LiteOn / HP / ASUS / ViCopy/Hp | Kyat |
|---|---|
| LiteOn-22x DVD Writer (IDE) | 23,100 |
| LiteOn-24x DVD Writer (SATA) | 21,100 |
| LiteOn-24x DVD Writer (SATA Light Scribe) | 21,900 |
| HP-24x Internal DVD Writer (SATA) | 22,000 |
| HP-External DVD Writer,Slim, Black, Light Scribe Function | 53,000 |
| ASUS-SDRW-08D2S-U (BLK,WHT)(USB 2.0) | 36,600 |
| ASUS-BW-12B1LT (SATA INT Blu-ray Writer) | 113,000 |
| ViCopy-1+12 Ports SATA Duplicator Card (DVD-912S) | 78,000 |
| ViCopy-1+8 Ports SATA Duplicator Card (DVD-908S) | 68,000 |
| Sony-24x DVD Writer (SATA, Box, AD-7260s) | 22,000 |
| LiteOn: 01- 399-239, HP: 01-430-013, ASUS: 01-226-664, T-Land:01-398-343 | |

## MONITOR



| AOC/Acer/ViewSonic | Kyat |
|---|---|
| AOC - 23" LED/ VGA/Twin HDMI/IPS Panel/ 50,000,000:1/X-Men S | 255,000 |
| AOC -18.5" LED / 20,000,000:1 / VGA +DVI/ (e950Swda) BLACK | 82,000 |
| AOC -18.5" LCD / 60,000:1 VGA / (N950Sw) BLACK | 80,000 |
| AOC - 18.5" LED / 50,000,000:1 / VGA + DVI / Ultra Slim (e943Fw) WHITE | 102,000 |
| Acer - 18.5" LED/Wide view Slim/DVI | 82,000 |
| Acer - 21.5" LED/Wide view Slim/DVI | 143,000 |
| Acer - 18.5" LED/Wide view Slim/DVI | 945,000 |
| Acer - 19" LED/Wide view Slim/DVI | 96,000 |
| Acer - 20" LED/Wide view Slim/DVI | 109,000 |
| ViewSonic -18.5" LED wide view /VA1938wa | 90,000 |
| ViewSonic -20" LED wide view /VA2038wm with DVI + Speaker | 110,000 |
| AOC: 01-430-013, Acer: 01- 221-683, ViewSonic: 01-384-850 | |

## UPS


| EAST/Prolink/Power Tree | USD |
|---|---|
| EAST-650 VA LED | 39 |
| EAST-650 VA LCD | 44 |
| EAST-1200 VA LED | 70 |
| Prolink-650 VA (Prolink) UPS | 35,000 |
| Prolink-IPS 1000 Long Time (inverter+UPS) | 58,000 |
| | Kyat |
| Power Tree - 650 VA | 37,000 |
| Power Tree -1250 VA | 60,000 |
| East: 01- 399-239, Prolink/Power Tree: 01-291-830 | |

## UPS



| Star | Kyat |
|---|---|
| Star-650 VA LED | 30,000 |
| Star-1200VA LED | 55,000 |
| Star UPS: 01-430-013, 09-7305-6015 | |

## CASING



| Golden Field/Thermaltake | Kyat |
|---|---|
| Golden Field-1210B (500W PSU) | 24,000 |
| Golden Field-1211B (500W PSU) | 24,000 |
| Golden Field-1225B (500W PSU) | 24,000 |
| Golden Field-7621 (550W PSU) | 33,000 |
| Golden Field-7203B (W/O PSU) | 36,000 |
| Golden Field-7206B (W/O PSU) | 38,000 |
| | USD |
| Thermaltake-Level 10GT LCS (VN10031W2N | 380 |
| Thermaltake-Level 10GT (VN10001W2N | 230 |
| Thermaltake-Overseer RX-I (VN700M1W2N | 123 |
| Thermaltake-Commander MS-I Snow Edition VN40006W2N | 52 |
| Golden Field: 01-430-013. Thermaltake: 01-210-943 | |

## CAMERA



| HP Digital Camera | Kyat |
|---|---|
| HP - SW350 12.5 MP, 2.7", 3x Optical Zoom | 73,000 |
| HP - SW450 14.2 MP, 2.7", 4x Optical Zoom | 81,000 |
| HP - PW550 14.2 MP, 2.7", 5x Optical Zoom | 83,000 |
| HP - S300 14.2 MP, 2.7", 4x Optical Zoom | 92,000 |
| HP - S200 14 MP, 2.7", 3x Optical Zoom | 72,000 |
| HP Digital Camcorder | |
| HP - T200 32MB, 3" Touch Screen, 16x DZ | 141,000 |
| HP - T500 128MB, 3" Touch Screen, 23x DZ | 205,000 |
| HP - V5040u 128MB, 2.5" Touch Screen, 4x DZ | 133,000 |
| HP - V5060h 32MB, 3" Touch Screen, 3x DZ | 141,000 |
| HP - V5060u 32MB, 3" Touch Screen, 4x DZ | 141,000 |
| HP - V5560u 32MB, 3" Touch Screen, 20x DZ | 157,000 |
| Skyla Photo Frame | 125,000 |
| Li-ion Battery | 25,000 |
| Sunny Charger | 25,000 |
| HP: 01-430-013 | |

### သင့်စိတ်ကြိုက် Specification များနှင့် PC တစ်လုံး ဆင်ကြည့်လိုက်ပါ။

| No. | Specification | Amount |
|---|---|---|
| 1 | CPU | |
| 2 | Mother board | |
| 3 | Memory | |
| 4 | Hard Drive | |
| 5 | Display Card | |
| 6 | Casing | |
| 7 | Power Supply | |
| 8 | Monitor | |
| 9 | UPS | |
| 10 | ODD | |
| | Total | |

# iOS တွင် အသုံးပြုသူဦးရေ ၁ သန်းအထိ ရှိလာသော iPhoto

By YHT



Photo editing software တစ်ခုဖြစ်သော iPhoto မှာ iOS အတွင်း အသုံးပြုသူဦးရေ ၁ သန်းအထိ ရောက်ရှိလာပြီ ဖြစ်ကြောင်း Apple မှ သတင်းထုတ်ပြန်သွားပါတယ်။

၎င်းတို့၏ သတင်းထုတ်ပြန်ချက်အရ တိုင်းတာပုံမှာ iPhoto အား လက်တွေ့ အသုံးပြုသူများ၏ စာရင်းသာဖြစ်ပြီး Download ပြုလုပ်သူများ၏ စာရင်းများ မပါဝင်ကြောင်း သိရပါတယ်။ iPhoto အား Apple မှ သတ်မှတ်ထားသည့် ဈေးနှုန်းမှာ ဒေါ်လာ ၄.၉၉ ဖြစ်ပြီး iOS ပေါ်တွင် အသုံးပြုသွားနိုင်သည်။

# iOS များတွင် သွင်းယူမှု အများပြားဆုံးမှာ Game များသာ ဖြစ်နေ

By YHT

Online လေ့လာဆန်းစစ်ရေး website တစ်ခုဖြစ်သော Scoople မှ iOS device များပေါ်တွင် လူအများမှ ပထမဆုံးနှင့် အများဆုံး သွင်းယူနေသော application များမှာ Game များသာ ဖြစ်နေကြောင်း သတင်းထုတ်ပြန်ခဲ့ပါတယ်။

၎င်းတို့၏ အဆိုအရ ယခုရေတွက်မှုထဲတွင် မကြာသေးမီကမှ ထွက်ရှိခဲ့သည့် New iPad ရောင်းချရမှု အရေအတွက် ၃ သန်းကျော်ကို လည်းထည့်သွင်းထားပြီး online ပေါ်တွင် vote တောင်းခံရာတွင်လည်း ၅၆ ရာခိုင်နှုန်းမှ ၎င်းတို့၏ iOS device များပေါ်တွင် Game များသာ ပထမဦးဆုံး install လုပ်ဖြစ်ကြောင်း ဖြေကြားခဲ့ကြပါတယ်။

# ပြည်တွင်းဈေး ကွက်ထဲကို စတင်ဝင်ရောက်လာတဲ့ New iPad

By APA

Apple မှ မတ်လ ၁၆ ရက်နေ့တွင် စတင်ထုတ်လုပ် လိုက်သော New iPad မှာ ပြည်တွင်းဈေးကွက်ထဲ၌ ဝယ်ယူရရှိနိုင်ပြီ ဖြစ်ကြောင်း သိရပါတယ်။

New iPad မှာ ယခုအချိန်တွင် ပြည်တွင်း၌ လူပြောအများဆုံး Apple ပစ္စည်းထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အသစ်ရောက်ရှိလာသော New iPad များမှာ 16GB 4G နှင့် 32GB 4G တို့ဖြစ်ပြီး 16GB 4G ၏ဈေးနှုန်းမှာ ကျပ် ၆၄၅,၀၀၀ ဖြစ်သည်။

32GB 4G ၏ ဈေးနှုန်းမှာတော့ ကျပ် ၈၃၅,၀၀၀ ဖြစ်ပြီး ဝယ်ယူချင်သူများ အနေဖြင့် KMD ဖုန်း -၀၁-၂၄၅-၁၈၃ သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

# New iPad ထွက်ရှိ၍ iPad 2 များဈေးကျလာ

By YHT

မတ်လ ၁၆ ရက်နေ့တွင် စတင်ထွက်ရှိခဲ့သော New iPad များသည် ယခုအခါတွင် ပြည်တွင်းဈေးကွက်တွင် ဝယ်ယူရရှိနိုင်ပြီ ဖြစ်ကြောင်းသိရသည်။

ထို့ပြင် New iPad များပြည်တွင်းသို့ ဝင်ရောက်လာသည်နှင့်အမျှ မူလ ရှိနှင့်ပြီးသော iPad 2 များမှာ ဈေးနှုန်းကျဆင်းလျှက်ရှိကြောင်း သိရသည်။

"အခု New iPad တွေ ဈေးကွက်ထဲ ဝင်လာတော့ နဂို ရှိနှင့်ပြီးသား iPad 2 တွေ ဈေးကျတယ်။ ပြီးတော့ တစ်ချို့တွေက ဒါကို အခွင့်ကောင်းယူပြီး ဆိုင်နာမည်ကြော်ငြာချင်တဲ့ သဘောနဲ့ နိုင်ငံခြားက ဈေးတွေပါ ထည့်ပြီး ကြော်ငြာတယ်" လို့ ပြည်တွင်း ကွန်ပျူတာ အရောင်းဆိုင် တာဝန်ရှိသူတစ်ဦးမှ ပြောကြားသွားပါ တယ်။

ယခုအသစ်ထွက်ရှိလာသော iPad အားစိတ်ဝင်စား၍ ဝယ်ယူလိုသူ များ သတိပြုရန်အချက်မှာ အဆိုပါ iPad အား iPad 3 ဟု ခေါ်ဆို နေကြခြင်းဖြစ်ပြီး Apple ၏ မူရင်းနာမည်မှာတော့ New iPad သာ ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူမှဆိုသည်။

# Nokia မှ Apple ၏ nano-SIM ထုတ်လုပ်မည့် အရေးအား လိုက်လံပယ်ဖျက်

By YHT



Apple မှ မိုဘိုင်းလ်ဖုန်းများအတွင်း လက်ရှိအသုံး ပြုလျှက်ရှိသော SIM ကဒ်များ၏ နောက်ထပ်မျိုး ဆက်သစ်ဖြစ်သော nano-SIM (လွန်စွာသေးငယ်သော SIM card အမျိုးအစား) ကို ထုတ်လုပ်သွားရန် ကြိုးစားလျှက်ရှိကြောင်း သိရပါတယ်။

ထိုကဲ့သို့ လျှောက်ထားရာတွင် အဆိုပါ nano-SIM card များဟာ ဥရောပ ဆက်သွယ်ရေး စံနှုန်းတိုင်းတာမှု အဖွဲ့အစည်းဖြစ်သည့် European Telecommunications Standard Institute (ETSI) ၏ စံနှုန်းများနှင့် ကိုက်ညီရမည်ဖြစ်ပြီး Apple နည်းတူ nano-SIM card များ ထုတ်လုပ်ရေးတွင် လျှောက်ထားမှုမှာ အခြား ကုမ္ပဏီများဖြစ်သော Nokia၊ Motorola နှင့် RIM တို့လည်း ပါဝင်ကြောင်း သိရပါတယ်။

ထိုထဲမှ Nokia မှာ Apple ၏ nano-SIM card လျှောက်ထားမှုအား အပြင်းအထန်လိုက်လံ ကန့်ကွက်နေသော ကုမ္ပဏီဖြစ်ပြီး ၎င်းတို့၏ တာဝန်ရှိသူတစ်ဦးမှတော့ "ကျွန်တော်တို့ အနေနဲ့ Apple ရဲ့ nano-SIM card လျှောက်ထားမှုကို လိုက်လံ ပြိုင်ဆိုင်ဖို့ ကြိုးစားသွားပါမယ်" လို့ သတင်းဌာနများသို့ ပြောကြားသွားပါတယ်။

nano-SIM လျှောက်ထားမှုတွင် ETSI ၏ လိုအပ်ချက်များဖြစ်သော nano-SIM card များမှာ micro SIM ၏ Slot များတွင် မထည့်သွင်းရ ဟူသော ကန့်သတ်ချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။ လောလောဆယ် အချိန်တွင် Nokia မှ သတင်းဌာနများသို့ Apple ၏ nano-SIM card များမှာ အဆိုပါ လိုအပ်ချက် နှင့် မကိုက်ညီကြောင်း ထောက်ပြ ဝေဖန်ထားပါတယ်။

သို့အတွက် နောက်လာမည့် ရက်သတ္တပတ် အတွင်း Apple မှ nano-SIM card များ ထုတ်လုပ်ရန် ကြိုးစားမှု အောင်မြင်၊ မအောင်မြင် ကို စောင့်ကြည့်သွားရမှာ ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

# Apple Smart Cover အဟောင်းများမှာ New iPad နှင့် ကိုက်ညီမှုမရှိ

By YHT

ယခု မတ်လ ၁၆ ရက်နေ့တွင် ထုတ်လုပ်ထား သော New iPad များအတွင်း ယခင် iPad 2 အတွက် ဝယ်ယူထားသော Apple ထုတ် Smart Cover များ အသုံးပြုရာတွင် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း သိရပါတယ်။

ထိုကဲ့သို့ ဖြစ်ပေါ်ခြင်းမှာ Apple မှ ယခုထုတ်လုပ်ထားသည့် New iPad များအတွင်း polarity-sensitive sensor ကြောင့်ဖြစ်ပြီး New iPad ထုတ်လုပ်မှုတွင် တစ်ပါတည်း ထုတ်လုပ်ထားသည့် Smart Cover များမှာမူ တွန်းကန်နိုင်သော သံလိုက် နည်းပညာကို အသုံးပြုထားသည့်အတွက် အဆင်ပြေကိုက်ညီခြင်းရှိကြောင်း သိရပါတယ်။

သို့သော်လည်း ယခင် iPad 2 များ ထုတ်လုပ်စဉ် ထုတ်လုပ်ခဲ့သော Smart Cover များမှာမူ ထိုကဲ့သို့ ပြုလုပ်နိုင်စွမ်း မရှိကြောင်း သိရပါတယ်။

Apple မှ ထိုကဲ့သို့ Smart Cover များနှင့် အဆင်မပြေမှုများ ကြုံတွေ့ရပါက နီးစပ်ရာ Apple Store များတွင် လာရောက် ပြသနိုင်ကြောင်း ကြော်ငြာထားပါတယ်။

# Apple iPhone၊ iPad နှင့် Mac များတွင် Angry Birds Space ကစားနိုင်ပြီ

By YHT




မတ်လ ၂၂ ရက်နေ့တွင် ထုတ်လုပ်ခဲ့သော Angry Birds ဂိမ်းစီးရီးအသစ်ဖြစ်သည့် Angry Birds Space အား Apple ၏ iPhone၊ iPad နှင့် Mac များပေါ်တွင် ကစားနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

Angry Birds Space မှာ Angry Birds ဂိမ်းစီးရီး၏ ၄ ခုမြောက် စီးရီးဖြစ်ပြီး ယခုအချိန်တွင် iOS နှင့် Mac OS X ၂ မျိုးလုံး တွင် ဆော့ကစားနိုင်ပြီ ဖြစ်ကြောင်း သိရသည်။ ဈေးနှုန်းကတော့ iPad အတွက် ဒေါ်လာ ၂.၉၉ ဖြစ်ပြီး iPhone အတွက်ကိုတော့ ဒေါ်လာ ၉၉ ပြား နှင့် App Store တွင် Download ရယူနိုင်မှာ ဖြစ်ပါတယ်။

| Apple Products | Price |
|---|---|
| iPad2 64 - 3G | USD 819 |
| iPad2 64 - WiFi | USD 685 |
| iPad2 32 - 3G | USD 719 |
| iPad2 32 - WiFi | USD 585 |
| iPod Touch 32G (4th generation) | USD 315 |
| iPod Touch 8G (4th generation) | USD 235 |
| iPod Shuffle 2G | USD 65 |
| iPod Shuffle 8G | USD 160 |
| iPhone 4S 16G | USD 835 |
| iPhone 4S 32G | K 730,000 |
| iMac MC309 i5 (21.5") | USD 1370 |

## Apps for Apple

### Toca Robot lab

ဒီ app လေးဟာ ကလေးတွေအတွက် အဓိကထုတ်လုပ်ထားတာပါ၊ မိမိတို့ကြိုက်နှစ်သက်တဲ့ အစိတ်အပိုင်းအမျိုးမျိုးနဲ့ ကိုယ်ပိုင် Robot လေးတွေ တည်ဆောက်ရတာ ဝါသနာပါတဲ့သူတွေအတွက် အကြိုက်တွေ့စေမည့် App တစ်မျိုး ဖြစ်ပါတယ်။ ဈေးနှုန်းကတော့ USD 0.69 ရှိပါတယ်။ iPad နှင့် iPhone များတွင်အသုံးပြုရတဲ့ App ဖြစ်ပါတယ်။

### Frog Dissection

Frog Dissection တွင် ဖားတစ်ကောင်နဲ့ လူတစ်ယောက်၏ ကွဲပြားသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို အသေးစိတ် လေ့လာနိုင်မှာဖြစ်ပါတယ်။ ခွဲစိတ်လေ့လာမှုကို နှစ်သက်သောသူများအတွက် အထူးသင့်လျော်သော App တစ်ခုဖြစ်ပြီး ဈေးနှုန်းမှာ USD 2.94 ရှိပါတယ်။ iPad နှင့် iPhone များတွင်အသုံးပြုရတဲ့ App ဖြစ်ပါတယ်။

### Real Racing 2 HD

Racing Game တွေကြိုက်တဲ့သူတွေ အတွက်အဆင်ပြေစေမယ့် App လေးတစ်ခုဖြစ်ပါတယ်။ HD ဖြစ်တာကြောင့် ရုပ်ထွက်ကောင်းပြီး Game Play ကလည်း Real Wheel Control System ကိုသုံးထားတဲ့ အတွက် တကယ်မောင်းနေရသလို ဖြစ်နေမှာပါ။ ဒါ့ကြောင့် Real Racing 2 HD ဟာ အခုလက်ရှိ အကောင်းဆုံး App တွေထဲမှာတစ်ခု အပါအဝင်ဖြစ်ပါတယ်။ ဈေးနှုန်းကတော့ USD 6.99 ရှိပြီး iPad နှင့် iPhone များတွင်အသုံးပြုရတဲ့ App ဖြစ်ပါတယ်။








အကယ်၍ သင့်အနေနဲ့ Mac ပေါ်မှာ Web Design ဆွဲချင်တယ်၊ ဒါပေမယ့် ကိုယ်ကလည်း Web Design မဆွဲတတ်ဘူး (သို့) နားမလည်သေးဘူးဆိုရင်တော့ Rapid Weaver ဆိုတဲ့ Software ဟာ အကောင်းဆုံး အကူအညီဖြစ်ပါလိမ့်မယ်။ ဒါဆိုရင်တော့ ဒီတစ်ပတ် Mac Weekly ကဏ္ဍမှာ Rapid Weaver ကို လေ့လာကြည့်ကြရအောင်။

Rapid Weaver ဟာ Website ဒီဇိုင်းရေးဆွဲရာမှာ iWeb ကဲ့သို့ drag and drop ပြုလုပ်၍ ရရှိနိုင်တဲ့ software တစ်မျိုးဖြစ်ပါတယ်။ ထို့ပြင် ၎င်းရဲ့ထူးခြားချက်ကတော့ Software အား အသုံးပြုဖို့ မည်သည့် Programming ဘာသာရပ်မျှ တတ်ထားရန် မလိုပဲ မိမိ တွင် အိုင်ဒီယာ ရှိရုံဖြင့် လွယ်လွယ်ကူကူ ရေးဆွဲနိုင်ခြင်း ပဲဖြစ်ပါတယ်။

ပထမဆုံး အနေနဲ့ Rapid Weaver အတွင်း Web Design ရေးဆွဲဖို့ ဆိုရင်တော့ မိမိအနေနဲ့ ပြုလုပ်လိုတဲ့ Page အတွင်း ထည့်သွင်းလိုတဲ့ Themes ကိုရွေးချယ်ရပါလိမ့်မယ်။ အဆိုပါ Themes များကိုလည်း Rapid Weaver မှ တရားဝင် Download ယူခွင့်ပေးထားတဲ့အတွက် ဒါကလည်း ဒီ Software ရဲ့ အသုံးပြုရလွယ်ကူတဲ့ အချက်ထဲမှာ တစ်ခုအပါအဝင်ပဲ ဖြစ်ပါတယ်။

ထို့နောက် ၎င်းအတွင်းထည့်သွင်းပေးထားတဲ့ ဒီဇိုင်းများဟာ လှပကြော့ရှင်းပြီး ထူးထူးခြားခြား themes ပေါင်း ၄၅ မျိုးနှင့် ကျွမ်းကျင် web designer များ၏ themes ၆ မျိုးလည်း ပါဝင်နေပါတယ်။ ထို့ပြင် အဆိုပါ themes များကိုလည်း လိုအပ် သလို ပြုပြင်သွားနိုင်ပြီး မိမိစိတ်ကြိုက် text snippets များနှင့် website traffic ကဲ့သို့ feature များကိုလည်း ပေါင်းထည့်သွားနိုင်ပါသေးတယ်။


အကယ်၍ သင့်အနေဖြင့် မိမိရဲ့ website အတွင်း အသုံးပြုသူများကို PDF များ (သို့) ZIP File များ Download ပေးသည့် feature ထည့်သွင်းချင်သည်ဆိုပါကလည်း Rapid Weaver မှာရှိတဲ့ Side Bar မှတဆင့် ထိန်းချုပ်ပြုလုပ်လို့ ရသွားနိုင်ပါတယ်။ ဆိုလိုရင်းကတော့ file များဟာ page တိုင်း page တိုင်းမှာ ကွဲမနေတော့ပဲ တစ်နေရာတည်းမှ ထိန်းချုပ်သွားနိုင်မယ့် သဘောပါပဲ။

Rapid Weaver အတွင်းပါဝင်လာတဲ့ sitemap ကလည်း သင့် Website အတွင်း အသုံးပြုသူများအတွက် sitemap တစ်ခုကို အကောင်းဆုံး ပြုလုပ်ပေးနိုင်ပြီး ထူးခြားချက်ကတော့ software မှ တဆင့် XML sitemap များကို auto generate ပြုလုပ်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ ထိုကဲ့သို့ ပြုလုပ်နိုင်တဲ့အတွက် ကိုယ့်ရဲ့ website အား search engine များအတွင်း အလွယ်တကူသွားရောက် submit လုပ်ထားနိုင်ပြီဖြစ်ပါတယ်။ ထို့နောက် FTP ကိစ္စရပ်များအတွက် လည်း Rapid Weaver ဟာ FTP Bookmarks ဆိုတဲ့ feature ကို ထည့်သွင်းပေးထားတဲ့အတွက် ကိုယ့်ရဲ့ site တစ်ခုခုကို ပြန်သုံးချင်တာပဲ ဖြစ်ဖြစ်၊ ပေါင်းထည့်ချင်တာပဲဖြစ်ဖြစ် အလွန်လွယ်ကူ နေပါလိမ့်မယ်။

ယခုအချိန် web လောကအတွင်း add-on များ ပေါင်းစပ်ထည့်သွင်းအသုံးပြုခြင်းမှာ ခေတ်စားလာတာနဲ့အမျှ မိမိ အနေနဲ့လည်း software တစ်ခုကို add-on များဖြင့် ပေါင်းစပ် အသုံးပြုခြင်းကို နှစ်သက်နေပါလိမ့်မယ်။ ထိုကဲ့သို့ ပြုလုပ်ရန် အတွက်ကိုလည်း Rapid Weaver မှ ကုမ္ပဏီမှ ထုတ်လုပ်ထား သော add-on များနှင့် အခြား third-party မှ ထုတ်လုပ်ထားသော add-on များကို ခွဲခြားပေးထားပါတယ်။ သို့အတွက် မိမိ အနေနဲ့လည်း လိုအပ်တဲ့ add-on များကို ကွဲကွဲပြားပြား Download လုပ်သွားနိုင်မှာပါ။

Rapid Weaver ဟာ add-on ကိစ္စကို အထူးအလေးပေးထားတာကို တွေ့ရပါတယ်။ အကြောင်းအရင်းကတော့ software အတွင်း Stacks ကဲ့သို့ လှပသေသပ်သော Web Layout များ ပေါင်းထည့် အသုံးပြုသွားနိုင်တဲ့ Stacks အတွက် Rapid Weaver add-on page အတွင်း section သပ်သပ်ခွဲထားပေးလို့ပါပဲ။ Stacks ဟာ YourHead Software မှ ထုတ်လုပ်ထားခြင်းဖြစ်ပြီး website အတွင်း layout များ၊ animated images များ၊ gallery များနှင့် file upload tool များ ပေါင်းထည့်သွားနိုင်တဲ့ Feature များပါဝင်ပါတယ်။

## Rapid Weaver ၏ ထူးခြားချက်များ



### Web Standards

Rapid Weaver မှ Generate ထုတ်ပေးသော code များသည် အခြား Web Standard များနှင့် ကိုက်ညီမှုရှိပြီး Browser များ အားလုံးတွင်လည်း တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ ထို့ပြင် Rapid Weaver ရဲ့ Themes များဟာ CSS အသုံးပြုကာ တည်ဆောက်ထားခြင်းဖြစ်တဲ့အတွက် Themes ကို coding သုံးကာ customize ပြုလုပ်ချင်သူများအတွက်လည်း အဆင်ပြေမှာ ဖြစ်ပါတယ်။

ထို့နောက် မိမိတို့ ဖန်တီးထားသော Website များ load time ပိုမို မြန်ဆန်စေရန် Page တိုင်းတွင်ရှိသော Style Sheet များကို နှိုင်းယှဉ်နိုင်ပါတယ်။ ထို့ပြင် Rapid Weaver အတွင်း Website များ Preview ကြည့်ရှုရာတွင် အဆင်ပြေစေရန်အတွက် Safari Web Developer Tools ကို ထည့်သွင်းပေးထားပြန်ပါတယ်။




### Automagic Navigation

Rapid Weaver အတွင်း Website များတည်ဆောက်ပြီဆိုပါက software မှ အလိုအလျောက် Page တိုင်းအား track ပြုလုပ်သွားမည်ဖြစ်ပြီး navigation menu တစ်ခုကိုလည်း generate ထုတ်ပေးပါတယ်။ ထို့ပြင် Page များအတွင်း Links များ ချိတ်ဆက် ထားလျှင်လည်း Rapid Weaver မှ အဆိုပါ Page များအား လိုက်လံ ထိန်းညှိပေးပြီး ယိုယွင်းနေသော Links များကိုလည်း အလိုအလျောက် ပြန်လည် update ပြုလုပ်ပေးပါတယ်။

ထို့ပြင် မိမိ၏ Page များကို Rapid Weaver side bar တွင် ဖန်တီးထားသည့်အတိုင်း အစီအရီ ဖော်ပြပေးထားသည့်အတွက် Page တစ်ခုတိုင်းကို drag and drop ပြုလုပ်ကာ ပြောင်းလဲသွားနိုင်မှာ ဖြစ်ပါတယ်။

### Multi-site Management



သင့်အနေဖြင့် Rapid Weaver အသုံးပြုကာ website ပေါင်းများစွာ ဖန်တီးနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း FTP bookmark manager ဖြင့် သိမ်းဆည်းထားနိုင်ပါတယ်။ ထို့နောက် အဆိုပါ သိမ်းဆည်းထားသော Project များကို မည်သည့် Rapid Weaver နှင့်မဆို ပြန်လည် ခေါ်ယူနိုင်ပြီး မိမိ၏ အရေးကြီးသည့် အချက်အလက်များကို OS X Keychain ထဲတွင် လုံခြုံစိတ်ချစွာ သိမ်းဆည်းထားမှာ ဖြစ်ပါတယ်။

ထို့ပြင် Website များကို ပိုမိုစိတ်ချယုံကြည်ရသော နည်းပညာဖြင့် upload လုပ်ချင်သူများအဖို့လည်း Rapid Weaver မှ သာမန် FTP အပြင် secure FTP ဖြစ်သော (SSH FTP) ကိုလည်း အသုံးပြုနိုင်ပါသေးတယ်။



### Mix and Match

Rapid Weaver အသုံးပြုသူအများစုဟာ ရှိနှင့်ပြီးသား Rich Text formatting ကိုသာ အသုံးပြုလေ့ရှိကြပေမယ့် custom code များအသုံးပြုချင်ပါကလည်း Rapid Weaver မှ လက်ခံပါတယ်။

ထို့နောက် ပိုမိုတတ်ကျွမ်းသည့် အသုံးပြုသူများအတွက် custom CSS များအသုံးပြုရန် custom field များထားရှိပေးထားပြီး၊ Javascript နှင့် PHP တို့ကိုလည်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။



### Infinitely Expandable

Rapid Weaver အတွင်း လှပသေသပ်ပြီး ဝင့်ကြွားသော Themes များနှင့် SDK များပါဝင်သလို အခြား third-party add-ons များကို လည်း ပေါင်းထည့်သွားနိုင်ပါသေးတယ်။

## Rapid Weaver 5 တွင် အသစ်ပါဝင်လာသည့် Feature များ

### Site Resources

PDFs ကဲ့သို့သော အခြား Resources များကို website အတွင်း ပေါင်းထည့်သွားမည်ဆိုမည်က အလွယ်တကူ drag and drop စနစ်ဖြင့် ပေါင်းထည့်သွားနိုင်ပြီး ၎င်းတို့ကိုလည်း side bar မှ တဆင့် ထိန်းသိမ်းသွားနိုင်မှာ ဖြစ်ပါတယ်။

### SEO & Stats

Rapid Weaver 5 ဟာ သင့် website ကို ဝင်ရောက် ကြည့်ရှုသည့် visitor များကို စောင့်ကြည့်သွားမှာဖြစ်ပြီး Google Analystics နှင့် GoSquared Live Stats တို့ကိုလည်း support ပေးပါလိမ့်မယ်။ ထို့ပြင် Rapid Weaver customer များဟာ basic LiveStats package ၏ ad-free feature ကိုလည်း အသုံးပြုသွားနိုင်မှာ ဖြစ်ပါတယ်။

### Stay Up-to-date

Rapid Weaver 5 ဟာ ၎င်း၏ software ကိုသာ update ပြုလုပ်သည် မဟုတ်ပဲအခြား third-party add-ons များ၏ update ဖြစ်မှု၊ မဖြစ်မှုကိုလည်း စောင့်ကြည့်ကာ update ပြုလုပ်ပေးပါတယ်။

### No Relunch

Rapid Weaver 5 အတွင်း themes နှင့် plugin အသစ်များ install ပြုလုပ်မည်ဆိုပါက Rapid Weaver ကို re-lunch လုပ်စရာလိုတော့မှာ မဟုတ်ပါဘူး။

# 4WD နှင့် FULL TIME 4WD ကွဲပြား

By APA



ယခု လက်ရှိပြည်တွင်းသို့ ကားများ တင်သွင်းလာရာတွင် ကားအမျိုးအစားများစွာ ပါဝင်နေပါတယ်။ ၎င်းအမျိုးအစားတွေထဲမှ 4WD ကားတွေဟာ လူကြိုက်များလာကြပါတယ်။ 4WD ကားတွေကတော့ Land Cruiser, Prado, Surf တို့လို ကားတွေဖြစ်ပါတယ်။ 4WD ကားတွေဟာ ခရီးကြမ်းသွားတဲ့အခါမျိုး၊ တောင်တက်တဲ့ အခါမျိုးတွေမှာ အသုံးပြုကြပြီး 4WD ကားတွေဟာ ရုန်းအားကောင်းတာကြောင့် ခရီးကြမ်းသွားတဲ့ အခါမျိုးတွင် ရွှံ့ထဲနစ်လျှင်ပဲဖြစ်ဖြစ်၊ လမ်းကြမ်းရင်ပဲဖြစ်ဖြစ် အလွယ်တစ်ကူကျော်ဖြတ်နိုင်မှာ ဖြစ်တယ်။ 4WD ကားတွေဟာ Saloon ကားတွေနှင့်မတူပဲ ရုန်းအား ပိုကောင်းတာကတော့ Saloon ကားတွေဟာ ကားရွေ့လျားဖို့ Engine ရဲ့စွမ်းရည်ကို ကားဘီးလေးဘီးလုံး မယူပဲ ကားဘီးတစ်ဘီးသာ Engine ရဲ့စွမ်းရည်ကို လိုအပ်ပြီး၊ 4WD ကားတွေကတော့ ကားဘီးလေးဘီးလည်ဖို့အတွက် ကားဘီးနှစ်ဘီးဟာ Engine ရဲ့ စွမ်းရည်ကို ယူရတာကြောင့် ရုန်းအား ပိုကောင်းပါတယ်။ ယခု Saloon ကားအချို့တွေမှာလည်း 4WD နည်းပညာပါဝင်လာပြီး၊ Saloon ကားတွေမှာ ပါဝင်တဲ့ 4WD ဟာ Full time 4WD ဖြစ်တယ်။ Saloon ကားတွေမှာပါတဲ့ Full Time 4WD ဟာ 4WD ကားတွေလို 4WD Gear နှင့် သာမန် Gear ဟူ၍နှစ်မျိုးခွဲ၍ အသုံးမပြုနိုင်ပဲ 4WD ပါဝင်ပြီးသား Gear တွေကိုသာ အသုံးပြုနိုင်ပါတယ်။ ပြည်တွင်းရှိ 4WD ကားတွေ အသုံးပြုနေပုံကို KSTM မှ တာဝန်ရှိသူတစ်ဦးက အောက်ပါအတိုင်း ပြောကြားခဲ့ပါတယ်။

"ရန်ကုန်မှာတော့ 4WD တွေကို အလုဆီးဖို့ သက်သက်ပါ 4WD ကားတွေကလဲ ကြွားတယ် ကားက မြင့်လည်းမြင့်တယ်၊ ပြီးတော့ ဈေးလည်းကြီးတယ် ပိုက်ဆံပေါတဲ့ လူတွေစီးတာပေါ့၊ ရန်ကုန်ကလူတွေကတော့ 4WD ကားတွေ မောင်းရင် လူ ၁၀ယောက်မှာ ၉ယောက်က 4WD Gear ကိုမထိုးဖူးကြဘူးလေ၊ နယ်က လူတွေကတော့ အဲ့လိုမဟုတ်ဘူး ခပ်ကြမ်းကြမ်းလမ်းတွေ မောင်းမယ်၊ တောင်တွေတက်မယ် သူတိုလုပ်ငန်းနဲ့ ပတ်သက်ရင် သုံးမယ် ဆိုပြီး ဝယ်ကြတာ၊ သူတို့မှာက 4WD Gear ကအဓိကဗျ၊ Full Time 4WD တွေကတော့ Saloon တွေများတော့ ရန်ကုန်ကော နယ်မှာပါ ဇိမ်ခံစီးဖို့ပဲ ဝယ်ကြတယ်" ဟု ပြောကြားခဲ့ပါတယ်။ အခုချိန်မှာတော့ 4WD ကားတွေကို ရန်ကုန်မှာကော နယ်မှာပါ မတူညီတဲ့ အသုံးပြုပုံမျိုးဖြင့် တွင်တွင်ကျယ်ကျယ် အသုံးပြုနေပါပြီ။

# ပြည်တွင်း 4WD ကားနှင့် Full Time 4WD ကားများ

By APA



### Land Cruiser Prado 2002

ကားအမျိုးစားတော့ 4WD အမျိုးအစား ဖြစ်ပါတယ်။ Power Steering ဖြစ်ပြီး ဆီဝင်ဆံ့မှုကတော့ (၉၇) လီတာ ဝင်ဆံ့ပါတယ်။ Gear ကတော့ Manual Gear ဖြစ်ပြီး Gear ငါးချက် ပါဝင်ပါတယ်။ Manual Gear အပြင် 4WD Gear ပါဝင်ပြီး Engine အမျိုးအစားကတော့ 3000CC ဖြစ်ပါတယ်။



### Toyota Surf 2002

4WD ကားအမျိုးအစားဖြစ်ပြီး Engine အမျိုးအစားကတော့ 3.0 CC ဖြစ်သည်။ Power Steering ပါဝင်ပြီး Gear ကတော့ Manual Gear အပြင် 4WD Gear ပါ ပါဝင်ပါတယ်။ ဆီဝင်ဆံ့မှုကတော့(၈၇) လီတာ ဝင်ဆံ့ပါတယ်။



### Mitsubishi Colt 2007

ကားအမျိုးစားတော့ 4WD မျိုးအစား ဖြစ်ပါတယ်။ All Auto ဖြစ်ပြီး ဆီဝင်ဆံ့မှုကတော့ (၄၅) လီတာ ဖြစ်ပါတယ်။ Gear ကတော့ Auto Gear ဖြစ်ပြီး Gear ငါးချက် ပါဝင်ပါတယ်။ Engine အမျိုးအစားကတော့ 1499CC ဖြစ်ပါတယ်။



### Mitsubishi Pajero 2002

ကားအမျိုးအစားကတော့ 4WD ဖြစ်တယ်။ All Auto ဖြစ်ပြီး ဆီဝင်ဆံ့မှုက တော့(၈၀) လီတာ ဖြစ်ပါတယ်။ Gear ကတော့ Auto Gear ဖြစ်ပြီး Gear လေးချက်ပါဝင်ပါတယ်။ Engine အမျိုးအစားကတော့ 3600CC ဖြစ်ပါတယ်။



### Toyota Probox 2007

ကားအမျိုးအစားကတော့ 4WD ကားအမျိုးအစား ဖြစ်ပါတယ်။ ကားကတော့ Power Steering ဖြစ်ကာ၊ Power Window၊ Auto Gear တို့ ပါဝင်ပါတယ်။ ဆီဝင်ဆံ့မှုကတော့ (၈၀) လီတာ ဖြစ်ပါတယ်။ Gear ကတော့ Auto Gear ဖြစ်ပြီး Gear ငါးချက် ပါဝင်သည်။ Engine အမျိုးအစားကတော့ 1300CC ဖြစ်ပါတယ်။



### Caldina Zt

ကားအမျိုးအစားကတော့ wagon အမျိုးအစား ဖြစ်ပြီး Full Time 4WD ပါဝင်ပါတယ်။ All Auto ဖြစ်ပြီး ဆီဝင်ဆံ့မှုကတော့ (၆၀) လီတာ ဖြစ်ပါတယ်။ Gear ကတော့ Auto Gear ဖြစ်ပြီး Gear ငါးချက်ပါဝင်ပါတယ်။ Engine အမျိုးအစား ကတော့ 2000CC ဖြစ်ပါတယ်။



### Toyota Alphard 350g

ကားအမျိုးအစားကတော့ multi-purpose vehicle ဖြစ်ပြီး Full Time 4WD ပါဝင်ပါယ်။ All Auto ဖြစ်ပြီး ဆီဝင်ဆံ့မှုကတော့ (၆၅) လီတာ ဝင်ဆံ့ပါတယ်။ Gear ကတော့ Auto Gear ဖြစ်ပြီး Gear ငါးချက် ပါဝင်ပါတယ်။ Engine အမျိုအစားကတော့ 3456CC ဖြစ်ပါတယ်။



### Lexus GS 2005

ကားအမျိုးအစားကတော့ Sport Sedan ဖြစ်ပါတယ်။ Full Time 4WD ပါဝင်ပါတယ်။ All Auto ဖြစ်ပြီး ဆီဝင်ဆံ့မှုကတော့ (၇၁) လီတာ ဖြစ်ပါတယ်။ Gear ကတော့ Auto Gear ဖြစ်ပြီး Gear ငါးချက်ပါဝင်ပါတယ်။ Engine အမျိုးအစားကတော့ 3000CC ဖြစ်ပါတယ်။



# ဆီစား သက်သာသော ကားများ အရောင်းသွက်

By APA



လက်ရှိ ကားတင်သွင်းသော ဈေးကွက်များတွင်မှာသာမက အပြင် ကားပွဲစားတန်းများတွင်မှာပါ အင်ဂျင်ပါဝါ နည်းပြီး ဆီစားသက်သာသော ကားများ အဓိကထား ဝယ်ယူလာကြတယ်လို့ သိရပါတယ်။ အဓိက အရောင်းသွက်သော ကားများကတော့ 1.3 CC ကားများသာဖြစ်ပြီး အဌားယာဉ်မောင်းသူများ ပါမက အိမ်စီး၊ ကားရောင်း/ဝယ်သမားများပါ အကြိုက်တွေ့ဝယ်ယူလျှက်ရှိနေပါတယ်။

"အရင်က ကားတွေတင်သွင်းတဲ့အခါမှာ 4.0CC တွေ 3.0CC ကားတွေ များတယ်၊ ပြောရရင်တော့ Mark II ရှေ့ငါးတို့ ဘာတို့ပေါ့၊ အခုချိန်ကတော့ အဲဒီလိုမဟုတ်တော့ဘူး 1.3 CC နဲ့ 2.0 တွေပဲ အဝယ်များတယ်၊ ဥပမာ Caldina တွေပေါ့၊ ဘာလို့လဲဆိုတော့ 4.0 CC တွေက ဆီအရမ်းစားတယ်၊ ကျွန်တော်တို့ဆီက Customer အချို့ဆို ပြောကြတယ်၊ 4.0CC တွေက အရမ်းဆီစားတော့ မကိုက်ဘူးလို့ ပြောလာကြတယ်၊ 1.3 CC တွေ 2.0 CC တွေကတော့ ဆီသိပ်မစားဘူး။ ဒါကြောင့် အဝယ်များလာတာ" ဟု KSTM မှတာဝန်ရှိသူက ပြောကြားခဲ့သည်။

# အဝယ်လိုက်လာတဲ့ 4WD ကားများ

By APA



4WD တွေဟာ ရန်ကုန် ကားဈေးကွက်တွေမှာ ဝယ်လက်နည်းနေတာကို တွေ့မြင်ရပေမယ့် နယ်မှ လူများကတော့ အခုတိုင် အကြိုက်တွေ့နေတယ်လို့ သိရပါတယ်။ 4WD ကားများရဲ့ သဘောတရားဟာ လမ်းကြမ်း၊ ခရီးကြမ်း မောင်းနှင်ရန်အတွက် အဓိကထုတ်လုပ်ထားကြပေမယ့် အချို့ ဝယ်လက်များဟာ ဇိမ်ခံကား သက်သက်အဖြစ်နဲ့သာ ဝယ်ယူလေ့ရှိပါတယ်။

"ကျွန်တော်တို့က ရန်ကုန် လာပြီး ကားလာဝယ်ရင် ဇိမ်ခံကားတွေထက်စာရင် 4WD ကားတွေ ဝယ်တာများတယ် ဘာဖြစ်လို့လဲဆိုတော့ 4WD တွေက ဇိမ်ခံကားတွေထက် အကြမ်းခံတယ်၊ နယ်မှာဆိုတော့ ခရီးသွားရင်ပဲဖြစ်ဖြစ် လမ်ခရီးကြမ်တွေပဲဖြစ်ဖြစ် သွားရတာအဆင်ပြေတာပေါ့၊ နောက်ကုန်ပစ္စည်းတွေလဲ တင်လို့ရတယ်လေ၊ နယ်တွေမှာက ဇိမ်ခံကားစီးဖို့ထက် ခရီးကြမ်းသွားရတာ အဆင်ပြေတဲ့ ကားတွေပဲ စိတ်ဝင်စားတာ"ဟု နယ်မှ ကားလာဝယ်သူတစ်ဦးက ပြောကြားခဲ့သည်။

# မှန်းလို့မရတော့တဲ့ ကားဈေးကွက်

By APA



ယခုလက်ရှိ ကားပွဲစားတန်း;မှာ ကားဈေးတွေဟာ ကျနေပေမယ့်လည်း တစ်ချို့ကားတွေဟာ ဈေးကောင်းကောင်းဖြင့် ရောင်းထွက်နေပါတယ်။ ယခင်အဝယ်လိုက်တဲ့ ကားတွေဟာ ယခု အချိန်မှာ အရောင်းအေးနေပြီး အဝယ် မလိုက်ပဲ ကျနေတဲ့ ကားတွေက ထူးထူးခြားခြား ရောင်းထွက်နေကြတာ များတယ်လို့ သိရပါတယ်။

"အရင်က လိုက်ဝယ်နေတဲ့ Mark II ရှေ့ငါးလို ကားတွေက အခုဆို ဘယ်သူမှ လာကို မမေးတော့တာ၊ ရှေ့ငါးတွေအစား အောက်ကားတွေ မေးလာတယ်၊ ဒါပေမဲ့ အောက်ကားတိုင်း ဈေး ရတာ မဟုတ်ဘူး၊ ဈေးကောင်းရချင်တဲ့ကား ကျတော့လည်းရသွားတာပဲ၊ မရတဲ့ ကးကျတော့လည်း မရပြန်ဘူး၊ အခု ကားဈေးကွက် ပုံစံက ဘယ်လိုဖြစ်နေလဲဆိုတော့ လူတွေက မြန်မြန် ပြန်ရောင်းထွက်နိုင်ပြီး နာမည်ကြီးတဲ့ ကားမျိုးတွေ လိုက်ဝယ်နေတယ်၊ အနည်းဆုံး ကားရောင်းလို့ မမြတ်နိုင်ပေမယ့် အရင်းလေး ပြန်ရရင် စိတ်အေးရတယ်ဆိုတဲ့ သဘောပဲ" ဟု ကားပွဲစားတန်းမှ ပွဲစားတစ်ဦးက ပြောကြားခဲ့သည်။

# တပ်ဆင်မှုများလာသည့် Audio ပစ္စည်းများ

By APA



### AVH-P4350 DVD

P4350 DVD ဟာ Touch Screen ပါဝင်တာကြောင့် Touch နည်းပညာကို နှစ်သက်ကြသူတွေ အတွက် အသုံးပြု သင့်ပြီး CD, DVD, Mp3, WMA, AAC, Dvix format တွေကို ဖွင့်နိုင်တဲ့ DVD တစ်ခုဖြစ်ပါတယ်။ Channel USB input ပါဝင်တာကြောင့် Memory Stick များဖြင့် တွဲဖက် အသုံးပြုနိုင်မည့်အပြင် iPod, iPhone တွေနှင့်လည်း ချိတ်ဆက် အသုံးပြုနိုင်တာကြောင့် စိတ်တိုင်းကျ သီချင်းတွေနှင့် ရုပ်ရှင်တွေ ကြည့်နိုင်မှာ ဖြစ်ပါတယ်။ Built-in Dolby Digital စနစ် ပါဝင်တာကြောင့် အသံများကိုလည်း ကောင်းမွန်စွာ ထုတ်လွှတ်ပေးမှာ ဖြစ်ပါတယ်။

P4350 DVD ကို Mark II ရှေ့ငါး နှင့် Caldina တွေမှာ အတပ်များကြပြီး လူလတ်ပိုင်းအများစုနှင့် ကားထဲတွင် ရုပ်ရှင်ကြည့်သူ အများစုက တပ်ဆင်ကြပါတယ်။ ဈေးနှုန်းကတော့ ၄ သိန်း ဝန်းကျင်ဖြင့် ရန်ကုန်မြို့ရှိ Car Audio ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



Pioneer

### AVH-P5350 DVD

P5350 DVD ကတော့ Channel အနေနဲ့တော့ 4 Channel ပါဝင်ပြီး ၇ လက်မ ကျယ်တဲ့ LCD Touch Screen ပါရှိပါတယ်။ DVD-R / DVD-RW / CD-R / CD-RW / Divx / MP3 / WMA / AAC / JPEG Playback တို့ကို အသုံးပြုနိုင်တဲ့ DVD Player ဖြစ်ပါတယ်။ USB 2.0 FULL Speed ပါဝင်ပြီး iPod, iPad တွေနှင့် ချိတ်ဆက် အသုံးပြုနိုင်ပါတယ်။ Built-in Dolby Digital စနစ် ပါဝင်တာကြောင့် အသံစနစ် ကောင်းမွန်ပြီး Audio နှင့် Viedo output နှင့် input လဲ ပါဝင်ပါတယ်။

P5350 DVD ကတော့ sport type ကားတွေမှာ အများဆုံးတပ်ပြီး လူငယ်များအကြိုက် DVD Player ဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ၅ သိန်းဝန်းကျင်ဖြင့် ရန်ကုန်မြို့တွင်းရှိ Car Audio ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။





### CD-IU51V

Audio / Video Cable Adaptor ဖြစ်ပြီး iPad, iPod တွေနှင့် ချိတ်ဆက်ရန် ခက်ခဲသော Reciver တွေနှင့် ချိတ်ဆက်ရန်အသုံး ပြုရသော Adaptor ဖြစ်သည်။ PC နှင့်ချိတ်ဆက်နိုင်သည့် USB Cable လည်းပါဝင်ပါတယ်။ ဈေးနှုန်းကတော့ ၃သောင်းဝန်းကျင်ခန့် ရှိပြီး ရန်ကုန်မြို့တွင်းရှိ Car Audio ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။

### GTO 949 (Speaker)

GTO 949 ဟာ ကောင်းမွန်တဲ့ Bass သံပါရှိပြီး Frequency ဟာလည်း မြင့်ပါတယ်။ ၎င်း၏အရွယ်အစားဟာ ၆လက်မ မြင့်ပြီးတော့ ၉လက်မ အကျယ်ရှိပါတယ်။ Frequency တုန့်ပြန်နှုန်းကတော့ 45HZ မှ 21KHZ ထိရှိပါတယ်။ Cone ကိုတော့ Plus One Woofer Cone ကိုအသုံးပြုထားပြီး အသံအရည်အသွေး ကောင်းမွန်တဲ့ Speaker တစ်ခုဖြစ်ပါတယ်။

ကားအမျိုးစားတော်တော်များများမှာ အသုံးပြုကျပြီး Woofer အသံကောင်းကောင်း ကြိုက်တဲ့လူတွေ အသုံးများပါတယ်။ ဈေးနှုန်းကတော့ ၇သောင်းဝန်းကျင်တွင်ရှိပြီး ရန်ကုန်မြို့တွင်းရှိ Car Audio ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

### GTO 938

GTO 938 ဟာ distortion အသံတွေကိုလျှော့ချပေးပြီး efficiency ကိုလည်းမြင့်တင်ပေးနိုင်ပါတယ်။ အရွယ်အစားအနေနှင့် ၆လက်မ မြင့်ပြီးတော့ ၉လက်မ အကျယ်ရှိပြီး 2 ohms ပါဝင်ပါတယ်။ Cone ကိုတော့ Plus One Woofer Cone ကို အသုံးပြုထားပြီး အသံအရည်အသွေး ကောင်းမွန်တဲ့ Speaker တစ်ခု ဖြစ်ပါတယ်။

JBL ၏ အကောင်းဆုံး နည်းပညာကို အသုံးပြုထားတာကြောင့် အသံ၏ အရည်အသွေးကို အကောင်းဆုံးပေးနိုင်တဲ့ Speaker လဲ ဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ၁သိန်း ဝန်းကျင်တွင် ရှိပြီး ရန်ကုန်မြို့တွင်းရှိ Car Audio ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

# အဆိုးဝါးဆုံး တီထွင်ဆန်းသစ်မှုများ

By YHT

တီထွင်မှုတွေဟာ ကမ္ဘာကြီးနဲ့ လူတွေရဲ့ဘဝကို ပြောင်းလဲစေခဲ့တယ် ဆိုပေမယ့် အချို့တီထွင်မှုတွေက အလွဲကြီးလွဲခဲ့ရတာတွေ ရှိပါတယ်။ ဥပမာ - အရင်တစ်ပတ် ဖော်ပြခဲ့သလို အသက်စွန့်ခဲ့ရတာမျိုး၊ ဈေးကြီးပြီး အသုံးမဝင်တာမျိုးတွေပါ။

အခုဖော်ပြပေးသွားမှာတွေကတော့ ကမ္ဘာကျော် TIME မဂ္ဂဇင်းမှ ဖော်ပြခဲ့တဲ့ သမိုင်းတလျှောက် အဆိုးရွားဆုံး တီထွင်မှုတွေ ဖြစ်ပါတယ်။

## ၁. Segway



Segway လို့ခေါ်တဲ့ ဒီ မတ်တပ်ရပ်ပြီး မောင်းနှင်လို့ရတဲ့ဟာလေးကို တရင်းတနှီးမြင်ဘူးကြမယ် ထင်ပါတယ်။ X-Men ရုပ်ရှင်ကားထဲမှာ Zavier မတ်တပ်ရပ်စီးတဲ့ Scooter လို ဟာမျိုးပါ။ တီထွင်ခဲ့သူက Dean Kamen ဖြစ်ပြီး ၂၀၀၁ ခုနှစ်မှာ ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ထုတ်လုပ်ခဲ့တဲ့ ရည်ရွယ်ချက်နဲ့ ပါဝင်တဲ့ နည်းပညာတွေက အကောင်းဆုံး ဖြစ်ပေမယ့် ဈေးကြီးလွန်းတာကြောင့် ဈေးကွက်ထဲမှ တိမ်ကောခဲ့ရပါတယ်။

Time ရဲ့မှတ်ချက်ကတော့ ရှင်းပါတယ်။ Segway က လမ်းလျှောက်ရတာ ငြီးငွေ့တဲ့ သူတွေနဲ့ အချို့ ရဲတွေအတွက်သာ အရေးပါပြီး ဖိမ်ခံပစ္စည်းများလောက် အသုံးမဝင်တဲ့အတွက် အဆိုးရွားဆုံး တီထွင်မှုအဖြစ် ရွေးချယ်ခဲ့ရတယ်လို့ ဆိုထားပါတယ်။

## ၂. New Coke



ဒါကတော့ Marketing တွေရဲ့ လွဲမှားတဲ့ မူဝါဒ ချမှတ်မှုကြောင့်ပဲ ဖြစ်ပါတယ်။ ၁၉၈၅ ခုနှစ် ဧပြီ ၂၃ ရက်နေ့မှာ ထုတ်လုပ်ခဲ့တဲ့ ပိုပြီး ချိုမြပြီး နည်းပညာသစ်နဲ့ ထုတ်လုပ်ထားတဲ့ Coke ဟာ စမ်းသပ်ချက်များ၊ မြည်းစမ်းမှုများမှာ အောင်မြင်ခဲ့ပေမယ့် လက်တွေ့ ဈေးကွက်ထဲမှာတော့ အများက ရှုတ်ချခဲ့ပါတယ်။

ဖြစ်ပုံကတော့ Coca Cola ကုမ္ပဏီမှ New Coke လို့ ခေါ်တဲ့ Coke တစ်မျိုးကို ထုတ်လုပ်လိုက်တဲ့အချိန်မှာ customer များမှ စာများ၊ e-mail များမှ တဆင့် ကုမ္ပဏီကို ဝေဖန်မှုများပြုလုပ်ခဲ့ပြီး ၃ လ အကြာမှာတော့ Coca Cola မှ New Coke ကို ဈေးကွက်ထဲမှ ရုတ်သိမ်းပေးခဲ့ရပါတယ်။


နောက်ပိုင်းမှာတော့ Coca Cola ဟာ ၎င်းတို့ရဲ့ အအေးဘူးခွံများက ပုလင်းဘူးခွံများမှာ New ဆိုတော့ ဒီဇိုင်းကို မဖော်ပြခဲ့တော့ပဲ အများမှ ရင်းနှီးပြီးသာ ဒီဇိုင်းနဲ့သာ Product များကို ပွဲထုတ်ခဲ့ပါတော့တယ်။

New Coke ကလည်း နည်းပညာနဲ့ စေတနာကောင်းခဲ့ပေမယ့် မှားယွင်းတဲ့ ဈေးကွက်ချပြမှု အခြေအနေများကြောင့် အဆိုးရွားဆုံး တီထွင်မှုများထဲမှာ အပါအဝင် ဖြစ်ခဲ့ရပါတယ်။

## ၃. Agent Orange

၁၉၆၁ မှ ၁၉၇၁ အထိ ဖြစ်ပွါးခဲ့တဲ့ ဗီယက်နမ်စစ်ပွဲအတွင်း အမေရိကန် စစ်တပ်မှ အသုံးပြုခဲ့တဲ့ Agent Orange အမည်ရ ဓါတုဗေဒ ဆေးရည်ကတော့ အဆိုးရွားဆုံး တီထွင်မှုသာမက အရက်စက်ဆုံး တီထွင်မှုလို့လည်း သတ်မှတ်လို့ ရပါတယ်။

အမေရိကန် စစ်တပ်ရဲ့ ရည်ရွယ်ချက်ကတော့ တောအုပ်များထဲမှ ပြောက်ကျား ဗီယက်နမ် စစ်သားတွေကို တိုက်ခိုက်ဖို့အတွက် ဖြစ်ပြီး ၎င်းတို့ရဲ့ မျှော်မှန်းချက်ကလည်း ထိရောက်ခဲ့ပါတယ်။ စစ်ပွဲအတွင်းမှာ ဂါလံ ၂၁သန်းရှိတဲ့ ဓါတုအဆိပ်ငွေ့ (Agent Orange) တွေ ဖျန်းခဲ့ပြီး ထောင်ပေါင်းများစွာသော ဗီယက်နမ် ပြည်သူတွေဟာ ထိခိုက်ဒဏ်ရာ ရရှိရုံမက မွေးကင်းစကလေးများပါ ရောဂါဝေဒနာများ စွဲကပ်ခဲ့ရပါတယ်။



ထို့ပြင် အမေရိကန်စစ်သားများ အနေနဲ့ကလည်း အလားတူရောဂါများ ခံစားခဲ့ရပြီး Agent One ထုတ်လုပ်သူတွေ အနေနဲ့ အဆိုပါ ဝေဒနာ ခံစားခဲ့ရသူတွေအတွက် ၁၉၈၄ မှာ ဒေါ်လာ သန်း ၁၈၀ လျော်ကြေးငွေ ပေးခဲ့ရတယ်လို့ သိရပါတယ်။

## ၄. Nitendo Virtual Boy



Nitendo Virtual Boy ကတော့ Nitendo ရဲ့ သက်တမ်း အတိုဆုံး Game Console လို့ ပြောလို့ရပါတယ်။ ၁၉၉၅ အတွင်း ထုတ်လုပ်ခဲ့တဲ့ Nitendo Virtual Boy အတွင်း ဂိမ်းကစားသူတွေကို 3D graphic တွေ ကြည့်နိုင်မယ့် Head Gear တစ်ခု ပါဝင်ပေမယ့် ဝမ်းနည်းစရာအချက်ကတော့ Virtual Boy ဟာ ဈေးကွက်ထဲမှ ၆ လသာ ခံခဲ့လို့ပါပဲ။

ထိုစဉ်အချိန်က Nitendo Virtual Boy ရဲ့ဈေးနှုန်းမှာ ဒေါ်လာ ၁၈၀ ရှိခဲ့ပြီး ထုတ်လုပ်ခဲ့မှုကလည်း Limited Edition အနေနဲ့သာ ရှိခဲ့ပါတယ်။ (အမေရိကန်နိုင်ငံတွင်း ၁၄ လုံးသာရှိခဲ့) ထို့နောက်မှာတော့ ဈေးကွက်ထဲ မအောင်မြင်တဲ့ Nitendo Virtual Boy တွေကို Nitendo မှ ရုတ်သိမ်းခဲ့ပြီး နာမည်ကျော်လာမယ့် Nitendo 64 ဘက်ကိုသာ အာရုံစိုက်ခဲ့ပါတယ်။

## ၅. Farmville



Time မဂ္ဂဇင်းကနေ Farmville ကို အဆိုးရွားဆုံး တီထွင်မှုထဲမှာ ထည့်သွင်းခဲ့တာကတော့ ထူးခြားပါတယ်။ ၎င်းတို့အဆိုအရ Farmville ဟာ Facebook ပေါ်ရှိ လူကစား အများဆုံး ဂိမ်းဖြစ်ပေမယ့် လူတိုင်းဟာ မပြီးဆုံးနိုင်တဲ့ ဂိမ်းတစ်ခုကို အမြဲတစေ စွဲစွဲမြဲမြဲ ကစားနေရခြင်းနဲ့ လုပ်ငန်းခွင်ရဲ့ အချိန်အများဆုံးကို ဖြုန်းတီးစေတဲ့ ဂိမ်းဖြစ်နေခြင်းကြောင့် အဆိုးရွားဆုံး တီထွင်မှုအဖြစ် ရွေးချယ်ခဲ့ရတယ်လို့ ဆိုထားပါတယ်။

ဂိမ်းထုတ်လုပ်သူဖြစ်တဲ့ Zynga မှလည်း အမေရိကန်နိုင်ငံတွင် နေထိုင်သူများရဲ့ ၁၀ ရာခိုင်နှုန်းဟာ ၎င်းတို့ဂိမ်းကို Facebook မှ တဆင့် အမြဲတစေ ကစားလေ့ရှိကြောင်း ကြော်ငြာထားပါတယ်။

## ၆. Hydrogen Blimps



Hydrogen Blimps (ဟိုက်ဒရိုဂျင်အသုံးပြုမိုးပျံယာဉ်) တွေကို ၁၉၃၁ ခုနှစ်မှာ တီထွင်ခဲ့ခြင်းဖြစ်ပြီး ထိုစဉ်အချိန်ကတော့ ဟီလီယံ ဓါတ်ငွေ့အစား၊ ပေါပေါလောလောရတဲ့ ဟိုက်ဒရိုဂျင်ဓါတ်ငွေ့များ အသုံးပြုတဲ့အတွက် နာမည်ကြီးခဲ့ပါတယ်။

သို့ပေမယ့်လည်း ဟိုက်ဒရိုဂျင်ဆိုတာဟာ မီးလောင်ခြင်းကို အားပေးတဲ့ ဂုဏ်သတ္တိရှိတဲ့အတွက် အဆိုပါ မိုးပျံယာဉ်များ ပေါက်ကွဲမှု (သို့) မီးလောင်မှု ဖြစ်ပွါးပါက အခြားနေရာများပါ အလွယ်တကူ ကူးစက်သွားစေနိုင်ပါတယ်။

အဆိုပါ ဖြစ်ရပ်ဟာ ၁၉၃၇ ခုနှစ်အတွင်း ဖြစ်ခဲ့ပြီး ဟိုက်ဒရိုဂျင် အသုံးပြု မိုးပျံယာဉ်တစ်ခုဟာ မီးလောင်မှုဖြစ်ပွါးခဲ့ကာ ၃၆ စက္ကန့်အတွင်း ပျက်ကျခဲ့ရပါတယ်။ ထိုအချိန်မှစပြီး ဓါတ်ငွေ့မိုးပျံယာဉ်များရဲ့ ဇာတ်လမ်းဟာ တစ်ခန်းရပ်သွားခဲ့ပြီး Hydrogen Blimps များကလည်း အဆိုးရွားဆုံး တီးထွင်မှုထဲမှ တစ်ခု အပါအဝင် ဖြစ်ခဲ့ပါတယ်။

## ၇. Auto-Tune




Time ရဲ့အဆိုးရွားဆုံး တီထွင်မှုများထဲမှာ Auto-Tune ကလည်း တစ်ခုအပါအဝင်ပါပဲ။ Auto-Tune ဟာ အသံမကောင်းတဲ့ တေးသံရှင်တွေရဲ့ အသံတွေကို တစ်မျိုးတဖုံ ပြောင်းလဲပေးနိုင်တဲ့ နည်းပညာတစ်ခု ဖြစ်ပါတယ်။

Time ကတော့ Auto-Tune ကို တေးသံရှင်တွေရဲ့မူလသံကို ပျောက်ဆုံး စေနိုင်ပြီး၊ အသံ မကောင်းသော သီဆိုသူ တွေကိုလည်း အားပေး အားမြှောက် ပြုလုပ်ရာ ရောက်တဲ့အတွက် အဆိုးရွားဆုံး တီထွင်မှုထဲမှာ ထည့်သွင်းခဲ့ရခြင်းဖြစ်ကြောင်း ဆိုထားပါတယ်။

## ၈. Betamax

၁၉၇၅ ခုနှစ်အတွင်း Sony မှ ထုတ်လုပ်ခဲ့တဲ့ Betamax ဟာ ထိုစဉ်အချိန် ဗီဒီယို တိပ်ခွေ Format ဖြစ်သည့် VHS ကို အဓိက ယှဉ်ပြိုင်ဖို့ ရည်ရွယ်ခဲ့တာ ဖြစ်ပါတယ်။



သို့သော်လည်း VHS ကို မယှဉ်နိုင်တဲ့ အချက်ကတော့ Betamax ဟာ ၁ နာရီစာ ဗီဒီယိုများကို ဖမ်းယူနိုင်တဲ့ အချိန်မှာ VHS က ၂ နာရီ ရနေလို့ပါပဲ။ VHS ရဲ့အားသာချက်က မသိသာပေမယ့် ထိုအချက်ကပဲ VHS ကို ဈေးကွက်အတွင်း အကောင်းဆုံး ဗီဒီယိုတိပ်ခွေ format ဖြစ်စေခဲ့ပြီး Betamax ကတော့ အရာမထင်ခဲ့တဲ့ တီထွင်မှုတစ်ခုအနေနဲ့သာ ရှိနေခဲ့ရပါတယ်။

## ၉. Tanning Beds



အမေရိကန်နိုင်ငံတွင်း စက်ဖြင့် UV ray ခံယူမှုဟာ ၁၉၇၀ ခုနှစ်များ အတွင်း ခေတ်စားခဲ့ပါတယ်။ တစ်ကယ်တော့ ကျန်းမာရေး သုတေသနများ အရ အရေပြား ကင်ဆာရဲ့ ၉၀ ရာခိုင်နှုန်းဟာ UV ray တိုက်ရိုက် ခံယူမှုကြောင့် ဖြစ်ပါတယ်။

စက်ဖြင့် UV ray ခံယူမှုဟာ အမေရိကန်နိုင်ငံတွင်း လူငယ်များ အကြား အလွန် ရေပန်းစားခဲ့ပြီး ၂၀၁၀ တွင်း သုတေသီများရဲ့စစ်တမ်းကောက်ချက်များ အရ ၎င်းဟာ တားမြစ်ဆေးဝါးနှင့် အရက်ကဲ့သို့ လူကို ဆိုးရွားသော အခြေအနေ တစ်ခုသို့ ရောက်ရှိစေကြောင်း ဖော်ပြခဲ့ကြပါတယ်။

## ၁၀. Crocs



၂၀၀၂ မှာ စတင် ထုတ်လုပ်ခဲ့တဲ့ Crocs ဖိနပ်များ ဟာ လူငယ်များကြားမှာ ရေပန်းစားပေမယ့် Time မဂ္ဂဇင်းကတော့ ၎င်းရဲ့ ဒီဇိုင်း မကောင်းမှုကြောင့် Crocs ကို အဆိုးရွားဆုံး တီထွင်မှု စာရင်းထဲ ထည့်သွင်းခဲ့ပါတယ်။

၂၀၁၀ ခုနှစ် ဧပြီ ၂၆ ရက်နေ့မှာတော့ Crocs ကုမ္ပဏီရဲ့ CEO ကိုယ်တိုင်ကလည်း "ကျွန်တော်တို့ ဖိနပ်တွေကို ဒီဇိုင်းကောင်းကောင်းနဲ့ ထပ်ထုတ်နိုင်မယ်ဆို ဈေးကွက်ထဲမှာ နေရာပိုရ လာနိုင်တယ်"လို့ ဝန်ခံသွားရပါတယ်။

## ၁၁. Pop-Up Ads



၂၀၀၀ ခုနှစ်များမှာ Web Browser တွေဟာ Pop-Up Ads များကို စတင်ခဲ့ပြီး အင်တာနက် အသုံးပြုသူများအတွက်တော့ ကြီးမားလှတဲ့ ဒုက္ခ ရောက်စေခဲ့ပါတယ်။

နောက်ပိုင်း နှစ်များမှာတော့ Pop-Up blocker များစွာ ပေါ်ပေါက် ခဲ့ပေမယ့်လည်း အချို့ Pop-Up များမှာ မိမိ မသိလိုက်ခင် အချိန်မှာပဲ နှိပ်မိလျက်သားကို ကြုံတွေ့ရလေ့ ရှိပါတယ်။ သို့အတွက် များစွာသော အင်တာနက် အသုံးပြုသူတွေဟာ Pop-Up များအတွင်း ကြော်ငြာခြင်းလုပ်ငန်းများကို ပြစ်တင်ရှုတ်ချခဲ့ကြတဲ့အတွက် Time မှ Browser များအတွင်း Pop-Up ဖြင့် ကြော်ငြာနိုင်ရန် တီထွင်မှုအား အဆိုးရွားဆုံး တီထွင်မှုအဖြစ် စာရင်းသွင်းခဲ့ပါတယ်။

## ၁၂. Phone Fingers



အချို့iPhone အသုံးပြုသူတွေဟာ touch screen ပေါ်မှာ လက်ရာ ထင်မှာကို ဂရုစိုက်တတ်ကြပါတယ်။ Austria ကုမ္ပဏီတစ်ခုကတော့ အဆိုပါပြဿနာများအတွက် Phone Finger လို့ အမည်ရတဲ့ လက်တွင် စွပ်ရတဲ့ အစွပ်များကို ထုတ်လုပ်ခဲ့ပါတယ်။

ထိုအစွပ်များဟာ ယူရို ၁၀ ဒေါ်လာသာ တန်ကြေးရှိပေမယ့် အသုံးပြုသူများအတွက် အခက်အခဲကတော့ မိမိရဲ့ လက်အရွယ် အစားနဲ့ လက်အစွပ်ကို မမှန်းဆ နိုင်တဲ့ ပြဿနာပါ။ နောက်ပိုင်းမှာတော့ ကုမ္ပဏီဟာ လက် အရွယ် အစားများကို တိုင်းတာနိုင်တဲ့ ဇယားတစ်ခုကိုပါ တွဲထုတ် ခဲ့ပေမယ့် iPhone ပေါ်တွင် လက်ရာ မထင်စေလိုတဲ့သူ အရေအတွက်ဟာ ပြောပလောက်အောင် မများတဲ့အတွက် အရာမထင်ခဲ့တဲ့ တီထွင်မှု တစ်ခုလို့ပဲ ဆိုနိုင်ပါတယ်။



# အိုင်တီခေတ်ရဲ့ သားကောင်လား၊ မှဆိုးလား

By YHT

အိုင်တီခေတ်တဲ့ ... တတိယလှိုင်းတဲ့ ... Cyber ရေစီးတဲ့ ...



နည်းပညာ ဒီရေလှိုင်း တွေက ရာစုသစ်ရဲ့အစပိုင်း နှစ်တွေ မှာပဲ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲ နိုင်ငံလေး ကို ရိုက်ခတ် လာပါပြီ။ ကွန်ပျူတာ အင်တာနက် မသုံးတတ်ရင်တော့ ရာစုနှစ်များစွာ နောက်ကောက်ကျရတော့မယ့် အခြေအနေပါ။ တစ်နိုင်ငံလုံးမှာ ကွန်ပျူတာအင်တာနက်ဆိုင်လေးတွေ အလျှိုလျှို ပေါ်ထွက်လာနေပါတယ်။ Cyber Café တွေထဲမှာ အများဆုံး တွေ့ရတတ်တာ လူငယ်လူရွယ်လေးတွေ ... သူတို့တွေဟာ မော်နီတာဖန်သားပြင်ကတစ်ဆင့် ကမ္ဘာကြီးထဲကို ခြေဆန့်လက်ဆန့် လည်ပတ်နိုင်ကြပါပြီ။ သူတို့ရဲ့အသိပညာ မိုးကုတ်စက်ဝိုင်းကလည်း ကျယ်ပြန့်သထက် ကျယ်ပြန့်လာနေပါတယ်။ သူတို့ Cyber Café ထဲမှာ ဘာတွေလုပ်ကြသလဲ။ စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်။

တချို့က Chatroom တွေထဲကနေ မိတ်ဆွေသူငယ်ချင်း အချင်းချင်း အပြန်အလှန် ဆက်သွယ်ကြ ... တချို့က ပညာရေး ဝက်ဘ်ဆိုက်တွေကနေ စာမေးပွဲတွေဖြေကြ ... တချို့က လုပ်ငန်းခွင်အတွက် နည်းပညာအသစ်တွေ ရှာဖွေနေကြ ... ကိုယ့်ရဲ့အတွေးအမြင်တွေ၊ ခံစားချက်တွေကို ဘလော့ရေးသားတဲ့ လူငယ်တွေလည်း အများကြီး ပေါ်ထွက်လာပါတယ်။

တချို့ကလည်း ဝက်ဘ်ဆိုက်တွေကနေ အလုပ်အကိုင် ရှာကြတယ်။ မိမိအရည်အချင်းနဲ့ ကိုယ်ညီတဲ့ အလုပ်ကို မိမိစိတ်တိုင်းကျ အင်တာနက်မှာ ရွေးချယ်လို့ ရပါတယ်။ အဲဒါတွေကြောင့် လူငယ်အများစုဟာ အင်တာနက်ကို စွဲစွဲလမ်းလမ်း အသုံးပြုလာကြတာပါ။

## ၂၁ ရာစု လူငယ်နှင့် အင်တာနက်



အင်တာနက်နဲ့ ယနေ့လူငယ်ဆိုတာ ခွဲခြားလို့ မရတော့ပါဘူး။ တစ်တွဲတည်း၊ တစ်ခုတည်း၊ တစ်သားတည်း ဖြစ်နေပါပြီ။ တစ်အိမ်ထောင်ကို ကွန်ပျူတာတစ်လုံးမရှိနိုင်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအနေနဲ့တော့ Cyber Café တွေက အသုံးဝင်နေဦးမှာပါ။ ကျွန်တော်တို့နိုင်ငံမှာ အရင်က လူငယ်တွေသာ အင်တာနက်သုံးကြပေမယ့်၊ အခုတော့ လူကြီးတွေ၊ လူရွယ်တွေပါ အင်တာနက် သုံးလာကြပါပြီ။ လူကြီးအများစုက ရပ်ဝေးမြေခြား ရောက်နေတဲ့ သားသမီးတွေ၊ မိသားစုတွေကို ဆက်သွယ်ဖို့ သုံးကြတာပါ။ အများစုက အီးမေးလ် သုံးမယ်၊ VZO Chat, QQ, Skype ဆော့ဝဲလ်တွေ သုံးပြီး သားသမီးတွေနဲ့ ဆွေမျိုးသားချင်းတွေနဲ့ စကားပြောမယ်၊ Cyber ကဖေးထဲမှာ လူမျိုးစုံ၊ အတွေးမျိုးစုံနဲ့ ဦးတည်ချက် အမျိုးမျိုး အသုံးပြုကြပါတယ်။

သတင်းမီဒီယာသမားတွေက သတင်း ဝက်ဘ်ဆိုက်တွေ ရှာသလို၊ ကျောင်းသားတွေက ပညာရေးဝက်ဘ်ဆိုက်တွေ၊ အလုပ်အကိုင်ရှာဖွေသူက အလုပ်အကိုင် ကြော်ငြာပေးတဲ့ ကဏ္ဍတွေ၊ ကိုယ်လိုသလို အသုံးပြုနိုင်ဖို့အတွက် Network Cable တွေဟာ နည်းပညာမှော်ဝင်ကြိုးတွေနဲ့ ခိုင်းနှိုင်းရမလားပဲ၊ ကွန်ပျူတာဖန်သားပြင်ရှေ့ထိုင်ပြီး ကမ္ဘာ့အရပ်ရပ်ကို ခရီးထွက်နိုင်သလို စာအုပ်ပုံတွေ၊ စာကြည့်တိုက်ကြီးတွေကို မွှေနှောက်စရာမလိုဘဲ အသိပညာများစွာ ရရှိနိုင်ပါတယ်။ အကျိုးရှိအောင်သုံးဖို့က ကိုယ်တိုင်ရွေးချယ်မှု ပြုလုပ်ရမှာပါ။

## Google ကို ဘာကြောင့် လူကြိုက်များလဲ

အင်တာနက်ကို သာမန်အသုံးပြုသူ၊ အဆင့်မြင့် ကျွမ်းကျင်သူတွေပဲဖြစ်စေ၊ ကျွန်တော်တို့နိုင်ငံမှာ လူအတော်များများက ရှာစရာ ဖွေစရာရှိပြီဆိုရင် Google ကို သတိရတတ်ပါတယ်။ Google search engine မှာ ရိုက်ထည့်လိုက်ရုံနဲ့ ကိုယ်လိုချင်တဲ့ ဝက်ဘ်ဆိုက်တွေ၊ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ ရှာဖွေလို့ရပါတယ်။ google ကနေ အခုမြန်မာဘာသာနဲ့ ရိုက်ထည့်ပြီး ရှာဖွေရင်တောင် ယူနီကုတ်စနစ်နဲ့ တင်ထားတဲ့ မြန်မာဝက်ဘ်ဆိုက်တွေ၊ ဘလော့တွေကို ရှာဖွေလို့ရနေပါပြီ။ ထူးဆန်းတာက မြေပြင်ပုံရိပ်တွေကို ၁၀ ပေအကွာလောက်အထိ ကြည်ကြည်လင်လင်ကြည့်နိုင်တဲ့ google earth ပါပဲ။ ကမ္ဘာကြီးရဲ့ ကြိုက်တဲ့နေရာကို Google earth ကိုသုံးပြီး ကြည့်လို့ရပါတယ်။




## အီးမေးလ်ကို ဘာကြောင့် သုံးကြမလဲ



အစက အီးမေးလ်ဆိုတာ ကုမ္ပဏီကြီးတွေ၊ စီးပွားရေးသမားတွေပဲ သုံးပြီး ငွေကုန်ကြေးကျများလိမ့်မယ်လို့ ထင်ထားတာပါ။

E-mail ဆိုတာက electronic mail ကို ချုံထားတဲ့ စကားလုံးပါ။ ကျွန်တော်တို့နိုင်ငံမှာ Google ကုမ္ပဏီက ပေးတဲ့ Gmail ကို အသုံးများပါတယ်။ အဲဒီ Gmail နဲ့ e-mail ကို တချို့က မကွဲပြားဘူး ဖြစ်နေတယ်။ e-mail ဆိုတဲ့ လျှပ်စစ် စာပို့စနစ်က Fax ကနေ မိုဘိုင်း အချင်းချင်း SMS ပို့တာထိ ပါဝင်ပါတယ်။ တချို့ဆိုရင် ISP ကုမ္ပဏီတွေက ရောင်းတဲ့ မေးလ်ဆားဗစ်ကိုမှ အီးမေးလ်လို့ ထင်တတ်ကြပါတယ်။ အခမဲ့ ဝန်ဆောင်မှု ပေးနေတဲ့ အီးမေးလ်တွေ အများကြီးရှိပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အကြိုက်ချင်း မတူကြပါဘူး။ မြန်မာတွေက Gmail အသုံးများသလို စင်ကာပူနိုင်ငံသားတွေက MSN ကို လူတိုင်းနီးပါး သုံးကြပါတယ်။ အနောက်နိုင်ငံတွေမှာ Yahoo mail အသုံးများပါတယ်။ အီးမေးလ်ဝန်ဆောင်မှုတွေ အမျိုးမျိုး ကွဲပြားပေမယ့် အပြန်အလှန် ပေးပို့ ဆက်သွယ်လို့ ရပါတယ်။ ဒါပေမယ့် စကားပြောမယ်၊ Typing ရိုက်ပြီး ချက်တင်ထိုင်မယ်ဆိုရင်တော့ တူညီတဲ့ ဆော့ဝဲလ်ကို အသုံးပြုကြရမှာပါ။ Gmail ရှိသူက G-talk အချင်းချင်း ဆက်သွယ်ပြောဆိုပြီး Yahoo mail ရှိတဲ့လူတွေက Yahoo messenger ကို အသုံးပြုရမှာပါ။ အခု Gmail က မြန်မာဘာသာကို ဇော်ဂျီဖောင့် အသုံးပြုပြီး ဆက်သွယ်လို့ရပါတယ်၊ ချက်တင် ထိုင်ရတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ Gmail ကို အသုံးများပါတယ်။

## Wikipedia



အွန်လိုင်းပေါ်မှာ စွယ်စုံကျမ်း သုံးစွဲဖို့လိုပြီဆိုရင် ကျွန်တော်က Wiki ကိုပဲ သတိတရ ရှိတယ်။ အခြား ရွေးချယ်စရာတွေ ရှိပေမယ့်၊ စိတ်ကျေနပ်မှု အပေးနိုင်ဆုံးက Wikipedia ပါပဲ။

Wikipedia က အွန်လိုင်းဗားရှင်းတင် မဟုတ်ပါဘူး။ Press Version မှာလည်း အောင်မြင် ပါတယ်။ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အခြေချနေထိုင်တဲ့ ဂျာနယ်လစ်တွေအနေနဲ့က Wikipedia Press Version ရှာဖွေရမှာ နန်းစဉ်ရတနာသိုက်ကို စိတ်ကူးယဉ် လိုက်ရှာရသလိုပဲ။ နာရီပိုင်းအတွင်း စာအုပ်တစ်အုပ်ဖြစ်ဖို့ မလွယ်ကူပေမယ့် မိနစ်ပိုင်းအတွင်းမှာ Webpage တစ်ခု ပေါ်ထွက်လာဖို့က လွယ်ကူပါတယ်။ သတင်းဌာနတွေက အဖြစ်အပျက်တွေကို သတင်းထုတ်ပြန်နေချိန်မှာပဲ Wiki က အဲဒီသတင်းနဲ့ ဆက်စပ်တဲ့အရာတွေကို တင်ဆက်ပြီးပါပြီ။ Wiki က စကားလုံးအသစ်အဆန်းတွေနဲ့ အဓိပ္ပာယ်တွေ ဘယ်သူက တီထွင်ပြီး ဘယ်အချိန်မှာ စတင်သုံးစွဲတယ်ဆိုတဲ့ အကြောင်းကို ပြည့်ပြည့်စုံစုံနဲ့ အလျင်အမြန် ဖော်ပြပေးနိုင်ပါတယ်။ လူသုံးများတဲ့ ဘန်းစကားတွေကို တက္ကသိုလ်တွေရဲ့ အဘိဓာန်က အတည်မပြုနိုင်ခင်မှာပဲ Wiki က ဖော်ပြပေးပါတယ်။ ဘန်းစကားဆိုရင် ဘန်းစကားဖြစ်ကြောင်း၊ ဘယ်အရပ်ဒေသမှာ အဓိက သုံးစွဲကြတယ်ဆိုတာပါ ဖော်ပြပေးတဲ့အတွက် Wikipedia ကို ကျွန်တော် စွဲစွဲလမ်းလမ်း သုံးစွဲဖြစ်တာပါ။

## Website တင်ခြင်း



အင်တာနက်ကို လူတိုင်းနည်းလမ်းနှစ်သွယ်နဲ့ သုံးစွဲကြပါတယ်။ Upload လုပ်တာနဲ့ Download လုပ်တာပါ။ လူငယ်တွေ ဓာတ်ပုံတွေတင်တာကစလို့ ဝက်ဘ်ဆိုက်တစ်ခု ဝယ်ပြီးလွှင့်တင်တာအထိက Upload လုပ်တယ်လို့ ခေါ်ပါတယ်။ ကိုယ်က Internet Explorer တို့ Mozilla Firefox တို့စတဲ့ Browser တွေသုံးပြီး ဝက်ဘ်ဆိုက်တွေဝင်တာ၊ စာတွေ ဓာတ်ပုံတွေ၊ Web Page တွေ ကူးယူတာကိုတော့ download လုပ်တယ် ခေါ်ပါတယ်။ အခုပြည်တွင်း ကုမ္ပဏီတွေ၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေနဲ့ အနုပညာရှင်တွေဟာ ဝက်ဘ်ဆိုက် လွှင့်တင်လာကြပါပြီ။ အစိုးရ အဖွဲ့အစည်းအတော်များများလည်း ဝက်ဘ်ဆိုက် လွှင့်တင်လာကြပါတယ်။ တက္ကသိုလ်တွေလည်း ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွေ တင်လာကြပါတယ်။ အဲဒါဟာ e-Government နဲ့ e-commerce ဆီကို ရည်ညွှန်းနေပါတယ်။ Web Site တင်တာများလာတဲ့အတွက် Web Developer ကုမ္ပဏီတွေလည်း များပြားလာပါတယ်။ ဝက်ဘ်ဆိုက်တင်ချင်သူတွေအတွက် Services တွေ ပိုမိုကောင်းမွန်လာသလို upgrade လုပ်ဖို့အတွက်လည်း ပိုမို လွယ်ကူပြီး ဈေးနှုန်းသက်သာလာပါတယ်။ ဝက်ဘ်ဆိုက်တစ်ခု ရေးသားရင် ပြီးခဲ့တဲ့နှစ်တွေထက် ရေးသားခ လျော့နည်းလာပေမယ့် အလုပ်မပြတ်တာကြောင့် ဝင်ငွေ မလျော့ကျသွားပါဘူး။ ဖွံ့ဖြိုးလာတဲ့ အိုင်တီအခန်းကဏ္ဍအတွက်တော့ ပီတိဖြစ်ရပါတယ်။

ဒါပေမယ့် ကုမ္ပဏီတချို့ရဲ့ဝက်ဘ်ဆိုက်တွေဟာ ကြော်ငြာသဘောမျိုးပဲ ဖြစ်နေပါသေးတယ်။ ဝက်ဘ်ဆိုက်မှာက မိမိရဲ့ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေကို အမြဲတမ်း ဆန်းသစ်တင်ပြနေရမှာ ဖြစ်သလို၊ ပြည်တွင်းပြည်ပ အမှာစာတွေ ရရှိနိုင်အောင် e-mail လိပ်စာဖော်ပြခြင်း၊ တခြားဝက်ဘ်ဆိုက်တွေကနေ မိမိဆီရောက်ရှိလာအောင် အဆင့်ဆင့် လင့်ချိတ်ထားခြင်း၊ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေအတွက် ရှင်းလင်းတင်ပြခြင်း၊ ထုတ်ကုန်သစ် မိတ်ဆက်သတင်းနဲ့ အခြားကဏ္ဍတွေပါ ထည့်သွင်းသင့်ပါတယ်။ ဒါမှ မိမိဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုသူ များပြားပြီး ဖောက်သည်သစ်တွေ တိုးပွားလာမှာပါ။ ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွေမှာလည်း ပုံမှန် Update လုပ်နိုင်ဖို့ အရေးကြီးပါတယ်။ မိမိရဲ့ Performance ကို စိတ်ဝင်စားပြီး ဝင်ရောက်လည်ပတ်သူ အရေအတွက်များလာရင် Online ပေါ်ကနေ ဝင်ငွေရရှိနိုင်ပါတယ်။

အရေးတကြီးလိုအပ်နေတာက e-banking ပါ။ အွန်လိုင်းပေါ်မှာ စီးပွားရေးကိစ္စပဲ ဖြစ်ဖြစ်၊ ပစ္စည်းဝယ်ချင်တာပဲ ဖြစ်ဖြစ်၊ တက္ကသိုလ်ကျောင်းလခသွင်းတာပဲ ဖြစ်ဖြစ် ငွေပေးချေဖို့ နည်းလမ်းအတွက် e-banking က မရှိမဖြစ် လိုအပ်နေပါတယ်။ အကယ်၍ e-banking သာရှိခဲ့ရင် အွန်လိုင်းပေါ်မှာတင် အရောင်းအဝယ်လုပ်လို့ရတဲ့ e-Trade တို့၊ e-commerce တို့က ပိုမို ဖွံ့ဖြိုး တိုးတက်လာပါလိမ့်မယ်။ e-commerce ရှိတဲ့အခါ ဈေးကွက်စီးပွားရေးထဲမှာ ရောင်းသူနဲ့ ဝယ်သူ တိုက်ရိုက်တွေ့ဆုံနိုင်ပြီး၊ ကြားခံ ပွဲစားတွေကို ကျော်လွှားသွားနိုင်တာကြောင့် အကျိုးအမြတ်ကို တိုက်ရိုက် ရရှိနိုင်ပါတယ်။ ၂၁ ရာစုရဲ့ စီးပွားရေး အခင်းအကျင်းသစ်ကို မောင်းနှင်နေတဲ့ အချက်အလက် (Data) နဲ့ အရင်းအမြစ် (Source) တွေ သန်းနဲ့ချီပြီး ရှိနေပါတယ်။ အဲဒီအချက်အလက်တွေ၊ သတင်း အရင်းအမြစ်တွေဟာ အသေ ဆုပ်ကိုင်ထားလို့ မရပါဘူး။ အချင်းချင်း မျှဝေခြင်း (Sharing) နဲ့သာ လုပ်ဆောင်နေကြရပါတယ်။ ဒါကြောင့် Outsourcing ကုမ္ပဏီ အများအပြား ပေါ်ထွက်လာပါတယ်။ သူတို့အသုံးပြုတဲ့ မီဒီယာက အင်တာနက်ပဲဖြစ်ပါတယ်။ မီးခိုးတိတ်ပြီး ဆိတ်ငြိမ်တဲ့ ဒီလုပ်ငန်းဟာ အိုင်တီနည်းပညာကို ပြန်ထောက်ပံ့ပေးပြီး စီးပွားရေးလုပ်ဆောင်မှုကို အများကြီး အကျိုးသက်ရောက်စေပါတယ်။ အွန်လိုင်းစီးပွားရေးဆိုတာ နည်းပညာအပေါ်အခြေခံထားပေမယ့် မိမိရဲ့စိတ်ကူးစိတ်သန်းနဲ့ ဖောက်ထွင်းမြင်နိုင်စွမ်းအပေါ်မှာ လက်ရည်တူ အခွင့်အရေး ပေးထားပါတယ်။ အဲဒါကြောင့် လူငယ်အများစုက အင်တာနက်ကို စိတ်ဝင်စားကြတာပါ။

အဲဒါကိုရှောင်လွှဲသွားဖို့ မဖြစ်နိုင်တော့ပါဘူး။ ကျွန်တော်တို့အားလုံးဟာ ထောင်စုသစ်ရဲ့ မနက်ခင်းဆီမှာပဲ တတိယလှိုင်းပေါ်က ဆိုင်ဘာခေတ်ထဲ ရောက်ရှိလို့နေပါပြီ။

Powered by MYANMAR JOB SEARCH

